
ရန်ကုန်ဇာတ်လမ်းများ
YANGON STORIES

# ရန်ကုန်မြို့တွင်းနေရာမှ ဖယ်ရှားခံရသော ဇာတ်လမ်းများ



# ရန်ကုန်မြို့တွင်းနေရာမှ ဖယ်ရှားခံရသော ဇာတ်လမ်းများ။

## ဘာကြောင့် လူတွေ ပျံ့ကျဲအိမ်ခြေစုတွေမှာ နေထိုင်ကြတာလဲ။

ဖွံ့ဖြိုးရေးစီမံကိန်း (သို့) ဆောက်လုပ်ရေးစီမံကိန်းများ၏ ထပ်ဆင့်အကျိုးဆက်များ။
မပိုင်မည့်မြေအား ဝယ်ရခြင်း။
စျေးနှုန်းမြင့်တက်ခြင်းနှင့် တရားမဝင်ဖြစ်ခြင်းအခြေအနေသို့ တွန်းပို့ခံရခြင်း။
ရန်ကုန်အဆောင်များတွင် မျက်ကွယ်ပြုခံရခြင်း။


## ဖယ်ရှားနှင်ထုတ်ခြင်း၏ အကျိုးဆက်များ။

အသက်မွေးဝမ်းကြောင်း ခိုင်မာတည်ငြိမ်ရန် မဖြစ်နိုင်ခြင်း။
ကောင်းမွန်သော လူမှုကွန်ယက်များ ဆုံးရှုံးခြင်း။
စုပေါင်းလုပ်ခဲ့သော အမှတ်တရများ ဖျက်ဆီးခံရခြင်း။
ဆင်းရဲခြင်းနှင့် တရားမဝင်ခြင်း၏ စက်ဝိုင်းဆိုးကြီး။

## အာဏာသိမ်းပြီးနောက်ပိုင်း ကျူးကျော်များ၏ ခက်ခဲစိန်ခေါ်မှုများနှင့် သူတို့၏ ခုခံကာကွယ်မှု။

ဘယ်လိုနည်းနှင့်မဆို သူမကြုံကြုံခံခဲ့သည်။
တရားဝင်ဖြစ်ခြင်းနှင့် မဖြစ်ခြင်းတို့ကြားက ပြတ်သားမှုမရှိသော သတ်မှတ်မှုများ။
မဖယ်ရှားခံရသူ တစ်ယောက်မှ မရှိပါ။
အခြေခံလူတန်းစားတို့၏ ခုခံမှု။

# ၁၈၅၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ရန်ကုန်မြို့ရှိ အဓမ္မ ပြောင်းရွှေ့ခံရမှုများ။*



* ရန်ကုန်ဇာတ်လမ်းများ စီမံကိန်း၏ သတင်းအချက်အလက်များအား အခြေခံ၍ သရုပ်ဖော်ရေးဆွဲခဲ့သည်။

# ရန်ကုန်မြို့အတွင်းနေရာမှ ဖယ်ရှားရှင်းလင်းခံရခြင်းများနှင့် ပတ်သက်၍ အမှာစကား

ရန်ကုန်မြို့အတွင်း ပြည်သူများအား ၎င်းတို့နေထိုင်ရာ နေရာများမှ အဓမ္မဖယ်ရှားရှင်းလင်းသည့် အလေ့အထအားဖြင့် သမိုင်းတစ်လျှောက် အသစ်ပြန်လည်တည်ဆောက်ရေး စီမံကိန်းများ လုပ်ဆောင်ရန်အတွက် နေရာရှင်းလင်းရန်၊ စစ်အစိုးရ ဆန့်ကျင်ရေး လှုပ်ရှားမှုများအား ထိန်းချုပ် အပြစ်ပေးရန်နှင့် ဆင်းရဲသားရပ်ကွက်များ မရှိသည့် "သာယာလှပသည့် မြို့တော်" တစ်ခုအဖြစ် တည်ဆောက်မည့် မျှော်မှန်းချက်အား အကောင်အထည်ဖော်ရန် စသည့် အကြောင်းပြချက်များစွာအတွက် အသုံးချခဲ့ကြသည်။ မည်သည့် နိုင်ငံရေး အခြေအနေမျိုး၌ ရောက်ရှိနေသည်ဖြစ်စေကာမူ ရန်ကုန်မြို့ရှိ ကျူးကျော်များမှာ အစဉ်အမြဲ ဆိုးရွားသည့် အခြေအနေများနှင့်သာ တွေ့ကြုံခံစားခဲ့ရသည်။ ၂၀၂၁ ခုနှစ် အစောပိုင်း စစ်အာဏာသိမ်းသည့် အချိန်မှစ၍ လုံခြုံရေးတပ်ဖွဲ့များမှ ရံဖန်ရံခါတွင် ရှင်းလင်းပြောကြားခြင်း သို့မဟုတ် အသိပေးအကြောင်းကြားခြင်းမရှိဘဲ တရားမဝင်နေထိုင်သူများအား အင်အားအလုံးအရင်းဖြင့် ပြောင်းရွှေ့နှင်ထုတ်သည့် လုပ်ရပ်အသစ်အား စတင်လုပ်ဆောင်ခဲ့ကြသည်။ နေရာအသစ်တွင် ပြန်လည်နေထိုင်ရန်အတွက် နစ်နာကြေး သို့မဟုတ် ထောက်ပံ့မှု တစ်စုံတစ်ရာ ပေးခဲ့ခြင်းလည်း မရှိခဲ့ချေ။

အဆိုပါဖြစ်ရပ်များအပေါ်တွင် အာရုံစိုက်မှု အနည်းငယ်သာ ရရှိကာ ရံဖန်ရံခါ၌ 'တရားမဝင်' နေထိုင်သူများအပေါ် အနှုတ်သဘောဆောင်သည့် အမြင်ခံစားချက်များအား လေ့လာသိရှိရကာ မိမိတို့မှာ ကျူးကျော်အများအပြားအား ဆင်းရဲနိမ့်ကျသည့် အခြေအနေများသို့တွန်းပို့ပေးခဲ့သော နောက်ခံအခြေအနေ အကြောင်းအရာများနှင့် ထိုကဲ့သို့ ထောင်ပေါင်းများစွာသော မိသားစုများနှင့် တစ်မြို့လုံးအပေါ် ပြောင်းရွှေ့မှုများကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးဆက်အများအပြားအား မီးမောင်းထိုးပြသရန်နှင့် လူထုစုရုံးဆန္ဒပြခြင်းနှင့် ခုခံတော်လှန်ခြင်းတို့၌ ၎င်းပုဂ္ဂိုလ်တို့၏ အရေးပါသည့် အခန်းကဏ္ဍအား အလေးပေးဖော်ပြရန် အာသီသရှိခဲ့သည်။ သို့ဖြစ်ရာ မိမိတို့သည် ဇာတ်လမ်းများအား လူပုဂ္ဂိုလ်များနှင့် နေရာများ၏ အမှတ်တရဖြစ်ဖွယ်ရာများကို ကူညီထိန်းသိမ်းကာ ရန်ကုန်မြို့ရှိ ဆင်းရဲနွမ်းပါးသော နေထိုင်သူများ၏ ရုန်းကန်လှုပ်ရှားမှုများအကြောင်း အသိပညာများ မြှင့်တင်ပေးမည့် အားကောင်းသည့်ရုပ်ပုံများအဖြစ်သို့ ပြောင်းလဲသရုပ်ဖော်တင်ဆက်ပေးခဲ့သည့် ပြည်တွင်း၊ ပြည်ပမှ အနုပညာရှင်များ၊ သရုပ်ဖော်ရေးဆွဲသူများနှင့် အတူတကွ ပူးပေါင်းအကောင်အထည်ဖော် လုပ်ဆောင်ခဲ့ကြသည့် ပံ့ပိုးကူညီခဲ့သော လုံခြုံရေးအရအမည်မဖော်လိုသူများ အားလုံးကို ကျေးဇူးတင်ရှိကြောင်းဖော်ပြလိုပါသည်။

***

ဤစာအုပ်ငယ်သည် မိမိတို့၏ နေအိမ်အဆောက်အဦးများ ဖြိုချဖျက်ဆီးခံခဲ့ရသည့် ဇာတ်လမ်းများအား မျှဝေခဲ့သူအားလုံးနှင့် မျှဝေရန် ကျန်ရှိသေးသူများအားလုံးအတွက် ရည်ရွယ်၍ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ရှင်းလင်းချက် - ဤစာအုပ်ငယ်တွင် ပါဝင်သော ဇာတ်လမ်းများမှာ ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် အင်တာဗျူးဖြေဆိုမှုများအပေါ် အခြေခံ၍ သရုပ်ဖော်ရေးဆွဲပုံဖော်ခဲ့ခြင်းဖြစ်သည်။ ကာယကံရှင်များမှာ မည်သူမည်ဝါဖြစ်သည်ကို သိရှိနိုင်ခြင်းမရှိစေရန် လူပုဂ္ဂိုလ်များနှင့် နေရာများ၏ အမည်များအား အမည်လွှဲများဖြင့် ဖော်ပြထားကာ အချို့သော အသေးစိတ်အချက်အလက်များကို ဇာတ်လမ်းအဖြစ် ပုံဖော်ပြောပြရန် ရည်ရွယ်ကာ လိုအပ်သလိုပြင်ဆင်ထားပါသည်။

## ဘုန်ကြီးကျောင်းထဲက ကျူးကျော်များကို နှင်ထုတ်မည်။

*(The Nation, 1959)*

သရက်တောကျောင်းတိုက်အတွင်း
နေထိုင်နေသည်ဟု တွေ့ရှိရသောသူများအား
**အမြန်ဆုံး ထွက်ခွာသွားရမည်ဖြစ်သည်။**
ကျောင်းတိုက်အတွင်းတွင် နေထိုင်နေသော
မိသားစုပေါင်း ၂၀၀၀ ခန့်ရှိသည်။

မြို့ရှိ လေးရပ်ကွက်အတွင်းမှ ပထမဆုံး **ဖုန်နှင့်အမှိုက်များအပေါ် "အစုလိုက် တိုက်ခိုက်မှု"** မတိုင်ခင် ရန်ကုန်ရေဒီယိုမှာထုတ်လွှင့်သည့်ပြောကြားချက်အရ ဗိုလ်မှူးကြီး ထွန်းစိန်က သူလုပ်ဆောင်ချက်၏ ပထမပိုင်းတွင်ပါဝင်သည်မှာ (၁) ကော်ပိုရေးရှင်းကို ပြန်လည်အသက်သွင်းရန်၊ (၂) စုပြုံလာတဲ့အမှိုက်တွေကို ရှင်းထုတ်ပစ်ရန်၊ (၃) သူ၏ တာဝန်များအား အများပြည်သူသိစေရန် ပညာပေးရန်၊ (၄) မြောင်းများ ရှင်းလင်းရန်နှင့် ပြင်ဆင်ရန်ဖြစ်သည် ဟုပြောခဲ့သည်။ ဒုတိယပိုင်းတွင် ပါဝင်သောလုပ်ငန်းများမှာ (၁) **လူသွားပလက်ဖောင်းပေါ်က အတားအဆီးများ၊ တရားမဝင်ဆိုင်များနှင့် ဈေးများအားရှင်းလင်းရေး၊ (၂) တဲများအား ဖယ်ရှားရေး၊** (၃) လမ်းများပြုပြင်ရေး၊ (၄) သင့်တော်သောရေပေးဝေမှုရရှိရေး၊ (၅) မိလ္လာမြောင်းစနစ်အား ပြန်လည်ပြုပြင်ရေး တို့ဖြစ်သည်။

မြို့လမ်းတွေကို ရှင်းလင်းခြင်းသည် နေ့ဆိုင်း၊ ညဆိုင်း နှစ်ခုလုံးဖြစ် လုပ်ဆောင်သွားမည်ဖြစ်သည်။ **ဤလုပ်ဆောင်ချက်များသည် စစ်တပ်လုပ်ဆောင်ချက်များကဲ့သို့ အစီအစဉ်ချ၊ အချင်းချင်းချိတ်ဆက်ပြီး လုပ်ဆောင်သွားမည်ဖြစ်သည်။**

(The Nation, 1958)

## အားကောင်းသော ရှင်းလင်းမှုက ရန်ကုန်ကို ပြန်လည်ရှင်သန်စေသည်။

(The New York Times, 1959)



"ရပ်ဆိုးသော" ကျူးကျော်ရပ်ကွက်တစ်ခုကို



"ကြည့်ကောင်းသော" ပန်းခြံအဖြစ်ပြောင်းလဲလိုက်သည် (၁၉၆၀)။

(ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွှန့်ပေါင်းအစိုးရ, ၁၉၆၀)

# နေ့ခင်းဖေးလမ်းအိမ်များဖျက်မည်

လမ်းကြဉ်းသော ကျူးကျော်နေရာများကို မီးဘေးအန္တရာယ်ကြောင့် ဖျက်ဆီးမည်ဟု အသိပေးထားသည်။ (ဟံသာဝတီ၊ ၁၉၆၂)

# 'ဘာကြောင့်လူတွေက ပုံကျအိမ်ခြေစုတွေမှာ နေထိုင်နေကြတာလဲ'

ကျူးကျော်လို့ ခေါ်နေကြတဲ့ ပုံကျအိမ်ခြေစုတွေမှာနေတဲ့သူတွေက များသောအားဖြင့် မြေနဲ့ အိမ်ရဖို့ တခြားနည်းလမ်းတွေမရှိကြဘူးဆိုတာ နားလည်ထားရပါမယ်။ သင့်တင့်လျောက်ပတ်တဲ့ နေစရာရှိခြင်းက လူသားတိုင်းရဲ့ရပိုင်ခွင့် ဖြစ်သော်လည်း အထူးသဖြင့် အရမ်းဆင်းရဲပြီး ချို့တဲ့သော သူတွေအတွက် ထိုရပိုင်ခွင့်ကို အာမခံနိုင်ဖို့ စီမံထားတဲ့ လုပ်ဆောင်ချက်တွေကတော့ အလွန်နည်းပါးပါတယ်။ တစ်ချို့က စာရွက်စာတမ်း မပြည့်စုံလို့ တရားဝင်အိမ် ပိုင်ဆိုင်ခွင့် အငြင်းခံရတယ်။ တစ်ချို့က သဘာဝဘေး ဒဏ်တွေ ပဋိပက္ခတွေကြောင့် ထွက်ပြေးလာရပြီး ရန်ကုန်ကို ဘာမှ မပါဘဲရောက်လာကြတယ်။ တစ်ချို့ကကျ သူတို့ အရင်နေထိုင်ရာ နေရာကနေ ငွေကြေးမတတ်နိုင်တော့လို့ ပြောင်းရွှေ့လာကြရတယ်။ ဒီမှာ အစိုးရရဲ့အဓမ္မနှင်ထုတ်ပြောင်းရွှေ့ခြင်းသည် လူအမြောက်အများကို တရားမဝင်နေရာတွေကို ရောက်စေပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ နေအိမ်တွေကနေ အတင်းနှင်ထုတ်ခြင်းခံခဲ့ရ မဟုတ်ရင် အိမ်ကိုဖြိုဖျက်ခြင်းခံခဲ့ရပြီး ဘာနစ်နာကြေးမှ အထောက်အပံ့မှမရဘဲ နေရာအသစ်တစ်ခုမှာ နေထိုင်ရန် မတတ်နိုင်သောကြောင့်ဖြစ်ပါတယ်။


# ဖွံ့ဖြိုးရေး စီမံကိန်း (သို့) ဆောက်လုပ်ရေး စီမံကိန်းများ၏ ထပ်ဆင့်အကျိုးဆက်။

ရန်ကုန်မြို့၏ ဖွံ့ဖြိုးရေး အရှိန်အားကောင်းလာသည်နှင့်အမျှ ပြည်တွင်း ပြောင်းရွှေ့နေထိုင်မှုများလည်း များပြားလာသည်ကို တွေ့ရပါသည်။ လူများသည် စက်မှုဇုံအသစ်များနှင့် မြို့ပြစီမံကိန်းများသို့ အလုပ်အကိုင်အတွက် ပြောင်းရွှေ့နေထိုင်လာကြသည်။ ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းလည်ပတ်မှုအတွက် လုပ်သားလိုအပ်ချက်များ ဖြစ်ပေါ်သည့်အခါ ထိုဖြစ်စဉ်ကို ပိုမို အားကောင်းစေသည်။ သို့သော် လုပ်ငန်းရှင်များ၏ လုပ်ငန်းအစီအစဉ်များ ပြောင်းသွားလျှင် ရွှေ့ပြောင်းမိသားစုများအဖို့ မသေချာမှုများစွာဖြင့် ကျန်ရစ်ခဲ့ပြန်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းများ (သို့မဟုတ်) ဆောက်လုပ်ရေးစီမံကိန်းများသည် ဆင်းရဲသားပြည်သူများ၏ ဝင်ငွေအတွက် အလားအလာကောင်း တစ်ခုဖြစ်နိုင်ခြေရှိသော်လည်း ၎င်းကပင် မိသားစုများကို ဆက်လက်၍ စိုးရိမ်ပူပန်မှုများရစေသည့်အပြင် နေထိုင်သည့်နေရာမှ ဖယ်ရှားခြင်း၊ မောင်းထုတ်ခြင်းများကို ဖြစ်စေပြန်သည်။




▲ အစိုးရအဆောက်အဦး စီမံကိန်းတစ်ခုတွင် လုပ်ကိုင်ရန် ဦးကျော်သည် သာကေတမြို့နယ်မှ ဒဂုံဆိပ်ကမ်းသို့ ၁၉၉၀ နှစ်ဦးပိုင်းတွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ထိုအချိန်တွင် ဒဂုံဆိပ်ကမ်းသည် မြို့တည်ပြီးစဖြစ်သောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်သားအရမ်းလိုအပ်နေသော အချိန်ဖြစ်သည်။

▼ မူလနေထိုင်ရာ သာကေတမှ ဦးကျော်၏အလုပ်နှင့် ပိုနီးသော နေရာ သို့ပြောင်းလာကြခြင်းဖြစ်သည်။ အလုပ်သွား၊ ပြန်ချိန်ကို သက်သာစေရန် အတွက် ဆောက်လုပ်ရေးလုပ်သား၏ နေအိမ်များအား ဆောက်လုပ်ရေးဝင်းအတွင်း ဆောက်လုပ်ခွင့်ရရှိခဲ့သည်။






▲ သို့သော် ကြန့်ကြာမှုများစွာဖြစ်ပြီးနောက် ထိုစီမံကိန်းလည်း ဆက်လက်မလည်ပတ်နိုင်တော့ပေ။ ဦးကျော်အလုပ်မရခဲ့သလို မူလနေထိုင်ရာ သာကေတအိမ်ကိုပါ လက်လွှတ်ခဲ့ရပြီဖြစ်၍ ပြန်စရာနေရာမရှိတော့ပေ။

▼ ရွေးချယ်စရာသိပ်မရှိသည့် အခြေအနေတွင် လက်ရှိ ဆောက်လုပ်ရေးဝင်းထဲ၌သာ ဆက်နေရန် ဆုံးဖြတ်ခဲ့ကြသည်။ တကယ်တော့ ထိုနေရာသည် ဆောက်လုပ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် ရှိသော်လည်း ထိုအချိန်တွင် မည်သည့် အဆောက်အဦးမျှ မရှိသေးပေ။







▲ အခြားသော ဆောက်လုပ်ရေး ဝန်ထမ်းမိသားစုများသည်လည်း သူတို့လိုပင် ဖြစ်သည်။ ထိုနေရာတွင် သူတို့နေအိမ်များကို ဆောက်လုပ်စဉ်အခါ မည်သူမျှ လာရောက်တားမြစ်ခြင်း၊ စွက်ဖက်ခြင်းမရှိခဲ့ပေ။ တကယ်တော့လည်း ဆောက်လုပ်ရေးလုပ်ငန်း ဆက်လက်လည်ပတ်ဖြစ်နေခဲ့လျှင် သူတို့အနေဖြင့် ထိုနေရာတွင် နေအိမ်ဆောက်လုပ်ခွင့်ရရှိပြီး ဖြစ်ပေသည်။

▼ နောက်ပိုင်းတွင် သူတို့နေရာသည် လူဦးရေ ပိုမိုများပြားလာပြီး နေထိုင်သူများကလည်း သူတို့ကိုယ်ပိုင် အခြေခံလိုအပ်သောအရာများ စတင်တည်ဆောက်လာကြသလို ကိုယ်ပိုင်နေရာ ဖွံ့ဖြိုးမှုအတွက် စည်းရုံးလုပ်ဆောင်လာကြသည်။







◄ မကြာခဏဆိုသလိုပင် သူတို့မြေကို ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လာတော့မည်၊ သူတို့လည်း ဖယ်ရှားခံရတော့မည် ဆိုသော ကောလဟာလများ ထွက်ပေါ်လေ့ရှိသည်။ ကုမ္ပဏီပိုင်ရှင်များနှင့် အာဏာပိုင်များက ဆုံးဖြတ်ချက် ပြောင်းလဲပြီး ဆောက်လုပ်ရေးလုပ်ငန်းများ ထိုနေရာတွင် ပြန်လုပ်လိုက်ခြင်းမှာ နောက်ဆက်တွဲအကျိုးဆက်မရှိသော်လည်း ဆင်းရဲသားတို့မှာ အစဉ်အမြဲ ကြောက်ရွံ့စိတ်ဖြင့် နေထိုင်နေရခြင်းမှာ တရားမျှတပါ၏လော။

# မပိုင်မည့်မြေအား ဝယ်ရခြင်း။


လူအများစုသည် ကျေးလက်ဒေသမှ ရွှေ့ပြောင်းလုပ်သားအဖြစ် ရန်ကုန်သို့ ရောက်ရှိလာခဲ့ကြသည်။ အထူးသဖြင့် ၂၀၀၈ ပြင်းထန်သော နာဂစ်မုန်တိုင်းနောက်ပိုင်းတွင်ဖြစ်သည်။ သူတို့သည် သူတို့ဘဝပြန်လည်တည်ဆောက်ဖို့အတွက် လုံခြုံကောင်းမွန်သော ပတ်ဝန်းကျင်ကိုရှာဖွေကြသည်။ သို့သော်လည်း သူတို့သည် ရှုပ်ထွေးလှသော မြေအပြောင်းအလွဲလုပ်ငန်းစဉ်နှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိသောကြောင့် သူတို့ထဲမှ အများစုသည် သူတို့မြေဝယ်ယူလိုက်သည့် လယ်သမား၏ အရှုပ်အရှင်းကိစ္စတွင် ပါဝင်မိသလိုဖြစ်ပြီးနောက် ဝယ်လိုက်သောမြေမှာ တစ်ပါးသူက ပိုင်ဆိုင်သည့်မြေဖြစ်နေကြောင်းသိလာခြင်းသာ အဖတ်တင်တော့သည်။ သူတို့ဝယ်ယူမှုကလည်း အသိအမှတ်ပြုမခံရတော့ (တရားမဝင်တော့) ပေ။




▲ ကိုသန်းသည် ၂၀၀၉ ခုနှစ်တွင် ရန်ကုန်သို့တက်လာခဲ့သည်။ သူသည် ဧရာဝတီတိုင်းရှိ ကျေးရွာတစ်ရွာမှ ဖြစ်ပြီး သူ၏မြေ၊ သူ၏ယာခင်း၊ သူ၏အိမ် စသည်ကို နာဂစ်မုန်တိုင်းက အားလုံးဖျက်ဆီးပစ်ခဲ့သောကြောင့် ရန်ကုန်သို့တက်လာခဲ့ခြင်းဖြစ်သည်။

▼ ထိုအချိန်တွင် သူသည် ရန်ကုန်မှ မည်သူတစ်ဦးတစ်ယောက်ကိုမှ သိရှိ ကျွမ်းဝင်ခြင်းမရှိခဲ့ပါ။ နေစရာနေရာ နှင့် အလုပ်တစ်ခုရဖို့ရာ အတော်ပင် ခက်ခဲခဲ့သည်။ သူ၏ မိသားစုသည် အဆောင်တစ်ခုတွင် လအနည်းငယ်နေခဲ့ကြရသည်။







▲ ပြီးနောက် ညောင်ရွှေမှ သူကိုမြေကွက်ငယ်လေးရောင်းပေးသည့်သူနှင့် ဆုံခဲ့သည်မှာ အတော်ပင် ကံကောင်းသည်ဟု ဆိုရမည်။ သူနှင့် သူ့ဇနီး၏ စိတ်ကူးမှာ သူတို့လင်မယားနှစ်ဦး ပိုက်ဆံအတူတူစုလျှင် ထိုမြေကို ဝယ်နိုင်မည်ဖြစ်သည်။

▼ သူတို့ချေးငွေလည်း ယူခဲ့ကြပြီး ထိုမြေကိုဝယ်ယူခဲ့သည်။ သူတို့အဝယ်စာချုပ်ကို မြေပိုင်ရှင်ဆီမှ ရရှိခဲ့ပြီးနောက် သူတို့ အိမ်သေးသေးလေးကို စတင်ဆောက်လုပ်ခဲ့ကြသည်။




▲ နောက်ပိုင်းနှစ်များတွင် ထိုနေရာသည် ပို၍လူများလာသည်။ ထို့အတူ စက်ရုံကဲ့သို့သော စီမံကိန်းကြီးများလည်း စတင်ဆောက်လုပ်လာကြသည်။ ကိုသန်း၏အတွေးမှာတော့ ထိုစီမံကိန်းကြီးများသည် လူများကိုပို၍ အလုပ်အကိုင်ပေးနိုင်တော့မည်ဟူ၍ဖြစ်သည်။




▲ သို့သော်လည်း တစ်နေ့တွင်တော့ဖယ်ရှားမယ့် အကြောင်းကြားစာ သူတို့နေသည့်တစ်ဝိုက်တွင် ရောက်ရှိ လာသည်။ စာထဲမှာတော့ ဤမြေသည် ကုမ္ပဏီမှ ဝယ်ယူလိုက်ပြီဖြစ်သောကြောင့် လူတိုင်း ထွက်သွားပေးရလိမ့်မည်ဟု ပြောထားသည်။




◀ ကိုသန်းက ဒီမြေသည် သူ၏မြေပါဟု အတန်တန် ပြောသော်လည်း မည်သူတစ်ဦးမှ သူ့ကို မယုံကြည်ပါ။ ထိုအစား သူတို့က ထိုစာချုပ်သည် ခိုင်မာမှုမရှိပါဟုသာ ကိုသန်းကို ပြန်ပြောလေသည်။ "ကျွန်တော်တို့ လျော်ကြေးတောင်မရခဲ့ပါဘူး။ ကျွန်တော်တို့မှာ ရွေးချယ်စရာမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ အိမ်ကနေ ထွက်လာလိုက်ရတယ်။" ဟုသူက ရှင်းပြခဲ့သည်။

# ဈေးနှုန်းမြင့်တက်ခြင်းနှင့် တရားမဝင်ဖြစ်ခြင်း အခြေအနေသို့ တွန်းပို့ခံရခြင်း

ရန်ကုန်၏ လျင်လျင်မြန်မြန်ဖွံ့ဖြိုးခြင်းနှင့်အတူ ရွှေ့ပြောင်းလုပ်သားများသာ တရားမဝင်နေထိုင်သူအဖြစ် အတင်းအကြပ် သတ်မှတ်ခံရခြင်းမဟုတ်ဘဲ နှစ်လရှည်နေထိုင်သူများလည်း အလွန်ဈေးမြင့်သော ငှားရမ်းခများနှင့် ရင်ဆိုင်ကြရသည်။ မိသားစုများစွာအဖို့ မိမိတို့တတ်နိုင်သည့် ငှားရမ်းခဖြင့် အလွန်ကျဉ်းမြောင်းသည့် အိမ်ခန်းများတွင်သာ နေထိုင်ကြရသည်။ ထို့ပြင် သူတို့သည် မြို့ပြင်သို့ ထပ်မံပြောင်းရွှေ့ရန်မှ တစ်ပါး တစ်ခြားရွေးချယ်စရာမရှိပါ။ တရားမဝင်ရွှေ့ပြောင်းနေထိုင်ခြင်းသည်သာ သူတို့နေစရာအတွက် နောက်ဆုံးရွေးချယ်စရာဖြစ်လို့နေသည်။ သို့သော် ယင်းကပင် မသေချာ မရေရာမှုများ၊ စိန်ခေါ်မှုများနှင့် ဖယ်ရှားခံရမည်ကို ကြောက်စိတ်များဖြစ်ပေါ်စေပြန်သည်။

▼ မအိမြတ်သည် ကမာရွတ်တွင်ကြီးပြင်းခဲ့သည်။ သူမ၏မိသားစုသည် သူမအိမ်ထောင်ကျပြီးနောက်တွင် မိသားစုဝင်များ များပြားလာသည်။ သူတို့သည် သူတို့ကိုယ်ပိုင်နေထိုင်စရာနေရာ ရှာဖို့ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် နေရာသေးသေးလေးကို သူ၏မိဘအနီးအနားတွင် ငှားရမ်းနေထိုင်ခဲ့သည်။







▲ တစ်လ ၄၀၀၀ ကျပ်သည် သူတို့၏ ပုံမှန်ပေးနေကျ ငှားရမ်းခဖြစ်သည်။ သို့သော် ငှားရမ်းခသည် တစ်နှစ်ပြီး တစ်နှစ် ဈေးတက်ပြန်သည်။ တချို့အချိန်တွင် ငှားရမ်းဈေးနှုန်းသည် နှစ်ဆ ဖြစ်သွားတတ်ပြန်သည်။ သို့သော်လည်း ဝင်ငွေမှာမူ ပုံမှန်အတိုင်းသာဖြစ်သည်။




▲ ငှားရမ်းခသက်သာရန်အတွက် သူတို့သည် မြို့ပြင်သို့ထွက်နေရန် စဉ်းစားကြပြန်သည်။ နောက်ဆုံးတွင် အင်းစိန်သို့ပြောင်းရွှေ့နေထိုင်ဖို့ အကြံကောင်းရကြသည်။ မြေပိုင်ရှင်သည် လမ်းဘေးတွင်ဆောက်ထားသော သူတို့၏ အခန်းပိုအား ပေးငှားခဲ့သည်။ အိမ်နေရာသည် တရားဝင်မဟုတ်သောကြောင့် မအိမြတ်တို့အတွက် ငှားရမ်းရန် တတ်နိုင်သောဈေးနှုန်းဖြစ်သည်။








▲ ကန့်သတ်ချက်များစွာလည်းရှိနေပြန်ပါသည်။ ဥပမာ မအိမြတ်သည် သူ၏ စားဝတ်နေရေးအတွက် ဟင်းရောင်းစားပါသည်။ သို့သော်လည်း သူမ ယခု အခန်းကျဉ်းလေးတွင် ဟင်းချက်ဖို့ မဖြစ်နိုင်ပါ။ အဲ့တာကို ပိုင်ရှင်ကလည်း ပြဿနာရှာပါသည်။

▼ ရောဂါကပ်ဆိုက်သောကာလသည် ဝင်ငွေရဖို့ ပို၍ခက်ခဲစေပါသည်။ သူတို့သည် အပြင်မသွားနိုင်သလို အလုပ်လည်း ထွက်မလုပ်နိုင်ပါ။ ကလေးတွေလည်း ကျောင်းမသွားနိုင်ပါ။ သို့သော်လည်း အနည်းဆုံးတော့ သူတို့အတွက် နေစရာ အိမ်ရှိခဲ့ပါသည်။





◀ မကြာသေးခင်ကပင် လမ်းဘေးတွင်ရှိသော အိမ်များအားလုံး ဖြိုဖျက်ခံရသည်။ မိသားစုများအားလုံး ထိုနေရာမှ ထွက်သွားခဲ့ကြရသည်။ စာထဲမှာတော့ "လမ်းချဲ့ရန်" ဟု ရေးသားထားသည်။ သို့သော်လည်း ဒီကမိသားစုများမှာတော့ ဝင်ငွေမရှိ အထောက်အပံ့မရှိ ဖြစ်သည့်အတွက် မည်သည့်နေရာသို့များ သွားနေရမည်နည်း။

# ရန်ကုန်အဆောင်များတွင် မျက်ကွယ်ပြုခံရခြင်း။

ရွှေ့ပြောင်းလုပ်သားများအတွက် နေထိုင်စရာပုံစံများစွာထဲမှ အဆောင်သည် စျေးနှုန်း အချိုသာဆုံးဖြစ်သည်။ အထူးသဖြင့် အသစ်ရောက်ရှိလာသူများအတွက် ဖြစ်သည်။ လှိုင်သာယာတစ်ခုတည်းပင် ခန့်မှန်းခြေ တစ်သောင်းအထက်တွင်ရှိပြီး သူတို့ထဲမှ တော်တော်များများသည် အခြေခံ အဆောက်အအုံနှင့် နေရာလိုအပ်ချက်က စည်းမျဉ်းဘောင်တွင်း ရှိမနေဘဲ အဆင်ပြေသလိုသာ ဆောက်လုပ်ထားကြသည်။ တစ်ခြားရှုထောင့်အားဖြင့် စာရွက်အထောက်အထား အားနည်းသူတို့အတွက် အဆောင်သည် ပို၍သင့်လျော်သည့်အပြင် သူတို့သည် ၆ လစာအတွက်လည်းကြိုတင်ငွေ ပေးစရာမလိုပေ။ အဆောင်နေထိုင်သူ အတော်များများသည် ရပ်ကွက်နှင့် ရပ်ကျေးအာဏာပိုင်များ၌ စာရင်းသွင်းခံရခြင်း မရှိသောကြောင့် မျက်ကွယ်ပြုခံနေရဆဲ ဖြစ်သည်။ အဆောင်မှာနေထိုင်ခြင်းသည် နေရာကျပ်တည်းပြီး အနေဆင်းရဲသည့် အခြေအနေရှိသော်လည်း အဆောင်သည် လူအများ၏ နောက်ဆုံးနေစရာနေရာပင်ဖြစ်သည်။




▲ မနွဲ့သည် အလုပ်အကိုင်ကောင်းရှာဖွေရန်နှင့် ခဏခဏပြန်ဖြစ်နေသည့် ပဋိပက္ခကို ရှောင်ရန်အတွက် ရခိုင်ပြည်နယ်မှ လှိုင်သာယာသို့ ၂၀၁၆ ခုနှစ်တွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဖြစ်ချင်တော့ သူမ၏ ရွာမှ အလောတကြီးထွက်လာချိန်တွင် သူမမှတ်ပုံတင်ပျောက်ကျသွားခဲ့သည်။

▼ အများနည်းတူပင် သူမလည်းနေစရာအတွက် မြို့နယ်၏အဆောင်များစွာထဲက အဆောင်တစ်ခုတွင် နေဖို့ရှာတွေ့ခဲ့သည်။ မည်သည့်အထောက်အထား တစ်ခုပင်မပါဘဲ သူမကို အဆောင်ကနေဖို့လက်ခံခဲ့သည်မှာ သူမအတော်ကံကောင်းသည်ဟု သူမထင်မိသည်။






▲ အဆောင်ပိုင်ရှင်ကလည်း သူမကိုထောက်ခံစာလုပ်ပေးပြီး ပြည်တွင်းစက်ရုံတစ်ခုတွင် အလုပ်ရအောင် ကူညီပေးခဲ့သေးသည်။ လစာကနည်းပါးသည်။ ဒ့ါပြင် မည်သည့်လူမှုဖူလုံရေး အထောက်အပံ့ မှမရှိပါ။ သို့သော်လည်းသူမတွေးဖြစ်သည်မှာ ဘာမှမရှိသည်ထက်တော့ ကောင်းသေးပါသည်။

▼ ကပ်ဆိုက်ရောဂါ နိုင်ငံကိုရောက်လာသည့်အခါတွင် စက်ရုံလည်ပတ်မှု ရပ်နားသွားသောကြောင့် သူမ၏ အလုပ်လည်းရပ်လိုက်ရသည်။ အိမ်ပြင်မထွက်ရ အမိန့်ထွက်လာသောကြောင့်လည်း သူမသည် ဝင်ငွေမရှိဘဲ အိမ်ထဲမှာပင်နေခဲ့ရသည်။







◀ အချို့ အရေးပေါ်အထောက်အပံ့ တစ်ခြားအိမ်ထောင်စုများသို့ရောက်ရှိလာသည့် အခါမျိုးရှိသော်လည်း အဆောင်နေထိုင်သူများထံသို့ မည်သည့်အရာမှ လက်ခံရရှိခဲ့ခြင်း မရှိခဲ့ပါ။ မိသားစုများစွာနှင့် ပြည့်နှက်နေသည့် သူတို့သည် မည်သို့ဖြစ်ပြီး မျက်ကွယ်ပြုခံနေရပါသနည်း။




▼ အခြေအနေသည် အဆိုးဖက်သို့ရောက်သွားခဲ့သည်မှာ အာဏာသိမ်း လိုက်သည့်အချိန်ကတည်းကပင်ဖြစ်သည်။ စစ်တပ်သည် ကျူးကျော်များကို စတင်ဖယ်ရှားခဲ့သည်နှင့် အဆောင်အခန်းလိုအပ်ချက် သည် မိုးထိုးမြင့်တက်သွားသည်။







▲ အဆောင်ပိုင်ရှင်သည်လည်း အခန်းငှားရမ်းခကို တိုးမြှင့်လိုက်သည်။ ထိုကြောင့် မနွဲ့သည် အဆောင်မှ ထွက်သွားသည်မှတစ်ပါး ရွေးစရာမရှိခဲ့ပါ။ သူမကဲ့သို့သော အခြေအနေတူသည့် လူများစွာရှိပါသည်။ သူတို့သည် ရှာပြန်ရန်ပင် လိုင်းကားခပေးနိုင်သော အခြေအနေမရှိကြပါ။ သူတို့မည်သို့ကြုံရဦးမည်နည်း။




ကမာရွတ်လှိုင်မြစ်ကမ်းရှိ တဲအိမ် ၂၀၀ ကျော်ကို ဖျက်မည်ဆိုသဖြင့် အိမ်ရှင်လူထုက ဖေဖေါ်ဝါရီလ ၂၅ ရက်နေ့ ညနေက ဝန်ကြီးချုပ်အိမ်သို့ဝိုင်း၍ ဆန္ဒပြကြ၏။

## အာရုံဦးအစောပိုင်း ရှင်းလင်းမှုနောက် ၇၀ ခန့် အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့

(Myanmar Times, 2013)

## မြို့သစ်များမှ ဆောက်လုပ်ရေး အလုပ်သမားများ ထိုနေရာတွင်သာနေရမည်။

(The Guardian, 1959)

အင်္ဂါနေ့က ရန်ကုန် မင်္ဂလာဒုံမြို့နယ်က မြင်ကွင်းကတော့ ဘာနဲ့တူလဲဆိုရင် **ရပ်ကွက်တည်ဆောက်တဲ့လုပ်ဆောင်ချက်ကို ပြောင်းပြန်လုပ်နေသလိုပဲ။**

မနက်ထဲကစပြီးတော့ မြို့နယ်ထဲက စက်မှုဇုန်တွင်နေထိုင်ကြသော ကျူးကျော်ပေါင်းထောင်ချီက ဖျက်ဆီးခံရတာထက် ပစ္စည်းလေးတွေနောက်ပြန်သုံးလို့ရအောင် သူတို့ပိုင်တဲ့သစ်သားအိမ်ရိုးရိုးလေးတွေကို အလောတကြီးနဲ့ဖြိုနေကြပါတယ်။ **သူတို့တွေဟာ နှင်ထုတ်ခံနေရတာပါ။**


(Coconuts Yangon) ၂၀၁၆

## ရဲတွေအား ပိုမိုပြင်းထန်စွာဖြင့် "အနောက်အယှက်တွေ" ကို ကိုင်တွယ်စေရန်

*(The Global New Light of Myanmar, 2016)*

## ပြောင်းရွှေ့ခံရသော လူ ၁၀၀၀၀ ကျော်ခန့်သည် မြို့ပြင်တွင် အိမ်သစ်များကို ရာကြသည်။

(The Nation, 1958)




***"300 huts were demolished in Insein"*** (The Hanthawaddy, 1962)

# ဖယ်ရှားနှင်ထုတ်ခြင်း၏ အကျိုးဆက်များ

အဓမ္မနှင်ထုတ်ခြင်းသည် လူတွေအပေါ်ကျူးလွန်တဲ့ အကြမ်းဖက်မှုတစ်မျိုး ထိန်းချုပ်မှုတစ်မျိုးဖြစ်ပါတယ်။ သူ့ကို အသုံးချမှုကတော့ အမျိုးမျိုးဖြစ်နိုင်ပါတယ်။ အသိသာဆုံးအကျိုးဆက်တွေထဲက တစ်ခုကတော့ ရက်အနည်းငယ်၊ အပတ်အနည်းငယ်အတွင်းမှာပဲ အိမ်ခြေအစုလိုက်နဲ့ကို အိုးမဲ့အိမ်မဲ့ ဖြစ်သွားရတာပါပဲ။ လူတွေက သူတို့အိမ်နဲ့ အခြေခံလိုအပ်ချက်တွေထဲမှာ ကြိုးစားပန်းစား ရင်းနှီးမြှုပ်နှံထားတာတွေ ဆုံးရှုံးခဲ့ရပြီး အများအားဖြင့် ဘာမှမကျန်ခဲ့ပါဘူး။ သူတို့နေထိုင်ရာ ဝန်းကျင်ကနေ ဖယ်ရှားနှင်ထုတ်ခံရခြင်းသည် သူတို့ရဲ့ ယုံကြည်ရတဲ့ ဖောက်သည်တွေဆုံးရှုံးရစေတာပါပဲ။ မဟုတ်လဲ သူတို့အလုပ်နေရာနဲ့ အရမ်းဝေးသွားတာကြောင့် သူတို့ရဲ့ စားဝတ်နေရေးအပေါ်မှာ ဆိုးရွားတဲ့ သက်ရောက်မှုတွေဖြစ်စေပါတယ်။ ဒီလိုအတွေ့အကြုံကနေရလာတဲ့ စိတ်ဒဏ်ရာကလည်း အထင်သေးလို့မရပါဘူး။ လူတွေ ပတ်ဝန်းကျင်တွေအပေါ်တွယ်တာမှုတွေက ကြမ်းကြမ်းတမ်းတမ်း ဖျက်စီးခြင်းခံလိုက်ရတယ်။ လူမှုရေး ချိတ်ဆက်မှုတွေလည်း ခြိမ်းခြောက်ခြင်းခံရတယ်။ ပြီးတော့ စုပေါင်းလုပ်ခဲ့ကြတဲ့ အမှတ်တရတွေက မေ့မှိန်သွားရတယ်။ အဓမ္မနှင်ထုတ်မှုတွေက သူတို့ဖြေရှင်းပါမယ်ဆိုတဲ့ ကိစ္စကိုလည်း မဖြေရှင်းနိုင်ပါဘူး။ အဲ့တာအစား လူတွေက ပိုပိုပြီး ဆင်းရဲတွင်းထဲကို တွန်းပို့ခံလိုက်ရတာမို့ တရားမဝင်နေထိုင်မှုကိုသာ တစ်ဆနဲ့ တစ်ဆ ပွားလာစေပါတယ်။

# အသက်မွေးဝမ်းကျောင်း ခိုင်မာတည်ငြိမ်ရန် မဖြစ်နိုင်ခြင်း


သူတို့အပြစ်ကြောင့် ဆင်းရဲကြပ်တည်းကြရသည်ဟု အတည်တကျမနေထိုင်နိုင်သူများကို အပြစ်တင်တတ်ကြသည်။ စင်စစ် သူတို့ကို ဆင်းရဲတွင်းနက်စေပြီး ဆင်းရဲနွံမှ ရုန်းမထွက်နိုင်စေသည့် အခြေအနေများမှာ သူတို့အနေဖြင့် နိုင်ငံသားချင်းတန်းတူ အခွင့်အရေးမရအောင် ဖယ်ကြဉ်ထားသလိုဖြစ်နေသည့် စနစ်နှင့် ဆက်စပ်နေပေသည်။ စားဝတ်နေရေးခက်ခဲပြီးသားသူများကို ရွှေ့ပြောင်းဖယ်ရှားလိုက်ခြင်းက သူတို့ဘဝ ရပ်တည်မှုအတွက် နောက်ထပ်စိန်ခေါ်မှုအလွှာတစ်ခုကို ထပ်တိုးစေပြန်သည်။ ပြန်လည်ထူထောင်ရေးအစီအစဉ်များမပါဘဲ၊ လျော်ကြေးမရဘဲ ရွှေ့ပြောင်းခံရခြင်းများကြောင့် ဖောက်သည်များ ဆုံးရှုံးခြင်း၊ လုပ်ငန်းခွင်နှင့် ဝေးကွာခြင်း၊ ဈေးကွက်သစ်များကို ထိုးဖောက်ရသည့်အတွက် ဝင်ငွေလျော့ခြင်း၊ အလုပ်လက်မဲ့ဖြစ်ရခြင်းများကို ဖြစ်ပေါ်စေပါသည်။




▲ မမူအဲသည် လယ်သမ တစ်ယောက်ဖြစ်သည့်အတွက် ရန်ကုန်မြို့ပြင်တွင်ရှိသော သူမ၏ လယ်တွင် စပါးစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်သူဖြစ်သည်။ ၁၉၈၈ ခုနှစ်မှာတော့ သူမ၏ မြေကို အစိုးရက မြို့သစ်တည်ဆောက်ရန်အတွက် သိမ်းဆည်းလိုက်သည်။ ထိုမြို့သစ်မှာ ရွှေပြည်သာ မြို့နယ်ဖြစ်သည်။ သူမမှာ လျော်ကြေးမရသည့်အပြင် ရုံးပိုင်းဆိုင်ရာနှင့် ပတ်သက်သည့် ဝန်ဆောင်ခပါ ထပ်ပေးခဲ့ရသည်။ ပြီးတော့ သူမ၏ တစ်ခြားနေရာမှ မြေနေရာအသစ်အတွက်လည်း ပေးရပြန်သည်။

▼ နေရာအသစ်မှာတော့ မမူအဲသည် သူမ၏ စားဝတ်နေရေးအတွက် စပါးစိုက်ပျိုးခြင်းကို မလုပ်ကိုင်တော့ပေ။ ထို့ကြောင့် သူမသည် သူမ၏ လယ်တွင်အသုံးပြုသော ပစ္စည်းတစ်ချို့အားရောင်းဖို့ ဆုံးဖြတ်ခဲ့သည်။ ထိုအစား သူမသည် သူမတတ်နိုင်သော အတိုင်းအတာဖြင့် မုန့်ဟင်းခါး စရောင်းခဲ့သည်။






▲ သူမ၏ မုန့်ဟင်းခါးအပေါ် သူမအလွန်ကျေနပ်မိသည်။ ထို့ကြောင့်လည်း သူမအိမ်နှင့် အနားမှာရှိတဲ့ စက်ရုံကြား နေရာတစ်နေရာတည်းမှာ တစိုက်မတ်မတ် သူမ နှစ်ပေါင်းများစွာ နေ့တိုင်း မုန့်ဟင်းခါးချက် ရောင်းခဲ့ပါသည်။

▼ မနက်စောစော အလုပ်လာတက်ကြသည့် မနက်ဆိုင်းအလုပ်သမား တွေကတော့ သူမကို နာမည်နှင့်ပါတွဲ၍ မှတ်မိသလို သူမ၏ အရသာ ကောင်းတဲ့ မုန့်ဟင်းခါးဟင်းရည်နှင့်အတူ ကြွပ်ရွတဲ့ ပဲကြော်နှင့် လတ်ဆတ်တဲ့နံနံပင် အတို့အမြုပ်အပေါ်လည်း ချီးကျူးကြသေးသည်။







▲ သူ့ရပ်ကွက်ကို ရွှေ့ပြောင်းဖို့အကြောင်းကြားစာရောက်လာသည့်အခါ မမူအဲ အတော်စိုးရိမ်သွားသည်။ သူမနေဖို့ နေရာအသစ် တွေ့ခဲ့ရင်တောင်မှ တစ်ဖန်ဘယ်လိုတွေပြန်ပြီး လုပ်ကိုင်စားသောက် ရပြန်အုံးမလဲ။





▲ သူမထင်ထားသလိုပဲ ဖယ်ရှားမောင်းထုတ်ခံရတာနဲ့ စိန်ခေါ်မှုတွေ တစ်သီတစ်တန်း ကြုံရပြန်တယ်။ သူမ၏ ထပ်ပြီးငှားနေသည့် နေရာအသစ်ကနေ နေ့စဉ်သွားလာဖို့ရာ မဖြစ်နိုင်သောကြောင့် သူမကို ယုံကြည်အားပေးသည့် သူမ၏ ဖောက်သည်နှင့်လည်း ဝေးရပြန်တယ်။




◄ ဒီ့အပြင် သူမသဘောပေါက်သွားတာက သူမ၏ အရသာရှိတဲ့ ငါးမုန့်ဟင်းခါးရည် ဖောက်သည်သစ်ရဖို့က အလွန်ခက်သွားပါပီ။ "ရပ်ကွက်ဈေးတိုင်းမှာ သူ့ဈေးကွက်နဲ့ သူရှိကြတယ်လေ"။ ဒါကြောင့် သူမကို အခြားဈေးသည်များက အကြည့်စိမ်းနှင့် ကြည့်ကြပြန်သည်။


# ကောင်းမွန်သော လူမှုကွန်ရက်များ ဆုံးရှုံးခြင်း

အတင်းအဓမ္မနှင်ထုတ်ခြင်း၏ အကျိုးဆက်တစ်ခုက လူတွေရဲ့လူမှုကွန်ရက်များကို ပျက်ဆီးစေခြင်း ဖြစ်သည်။ အထူးသဖြင့် ဝန်ဆောင်မှုတွေ အရင်းအမြစ်တွေ မရနိုင်တဲ့ အခြေအနေတွေမှာ ထိုလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဖို့ရာ သူတို့အချင်းချင်း မှီခိုကြရသည်။ ဥပမာ အလုပ်ရှာတဲ့အခါ၊ ကလေးတွေကို ကူထိန်းပေးတဲ့အခါ၊ ချက်ပြုတ်ရေးအတွက်ကူပေးတာ၊ ဈေးသွားတာ၊ ပြီးနောက် သူတို့ အခြေချနေထိုင်သည့်နေရာကို သန့်ရှင်းရေး လုပ်သည့် အခါမျိုးတွင် ဒီလိုပုဂ္ဂိုလ်ချင်း ချိတ်ဆက်ရင်းနှီးမှုက အလွန်အရေးပါလှသည်။




▲ မသဇင်နှင့် သူမ၏ မိသားစုသည် ဒဂုံဆိပ်ကမ်းမှာ ရှိသည့် ပျံကျရပ်ကွက်တွင် နေထိုင်သည်မှာ ၁၂ နှစ်ကျော်ပြီဖြစ်သည်။ ထိုနေရာတွင် စတင်နေခဲ့သည်မှာ စစ်ကိုင်းတိုင်းရှိ သူမ၏ရွာမှ ရန်ကုန်သို့ပြောင်းရွှေ့လာသည့် အချိန်ကပင်ဖြစ်သည်။

▼ အစပိုင်းမှာတော့ သူမသည် မည်သူတစ်ဦးတစ်ယောက်နဲ့မှ သိကျွမ်းမှုမရှိခဲ့သောကြောင့် အိမ်နီးချင်းအသစ်များက သူမကို သံသယမျက်လုံးဖြင့်ကြည့်နေသည်ဟု ထင်ခဲ့မိသေးသည်။ သို့သော်လည်း အချိန်အတိုင်းအတာတစ်ခုအပြီးမှာတော့ အိမ်နီးချင်းတစ်ချို့နှင့် သူမ အရမ်းခင်မင်တဲ့ မိတ်ဆွေတွေဖြစ်လာခဲ့သည်။






▲ သူတို့အားလုံးရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်ခဲနှင့်စိန်ခေါ်မှု အတူတူဖြစ်သောကြောင့် သူတို့အချင်းချင်းကြားတွင် ကလေးများ ကူထိန်းပေးခြင်း၊ အတူတူ ချက်ပြုတ်စားသောက်ခြင်း၊ နေထိုင်မကောင်းသည့်အခါမျိုးတွင် ဂရုစိုက်ပေးခြင်း စသည့်ကိစ္စများတွင် အချင်းချင်းရိုင်းပင်းကူညီကြသည်။

▼ သူတို့နေရာကနေ ဖယ်ရှားနှင်ထုတ်ခံရပြီးနောက်မှာ လူတိုင်းတစ်ယောက်တစ်နေရာရောက်သွားကြသည်။ မသဇင်နှင့် မိသားစုသည်လည်း အရှေ့ဒဂုံကိုရောက်သွားတဲ့အတွက်ကြောင့် အရင်မိတ်ဆွေဟောင်းများနှင့် အဆက်အသွယ် ပြတ်တောက်ကြရပြန်သည်။







▲ ထိုနေရာတွင် ရှိနေသော နေထိုင်သူများသည် လူသစ်များကို မကြိုဆိုသည့်အပြင် လူသစ်များအပေါ် သံသယစိတ်ရှိသောကြောင့် မသဇင်တို့အိမ်ထောင်စုအတွက် နေစရာနေရာ တစ်ခုရဖို့ အတော်ခက်ခက်ခဲခဲရှာလိုက်ရသည်။

▼ ထိုနေရာသစ်တွင် သူတို့၏ အိမ်နီးချင်းမိတ်ဆွေသူငယ်ချင်းများ မရှိသောကြောင့် သူတို့ရဲ့အိမ်အသစ်လေးတွင် အရာရာတိုင်းပိုပြီးခက်ခဲသည်ဟု ခံစားခဲ့ရသည်။ မသဇင်က အထီးကျန်သည်ဟုလည်း ခံစားရသည်။ ကလေးငယ်များကို ချန်ထားပြီး အလုပ်သွားရသည့်အခါမျိုးတွင် တကယ်ပဲကလေးများကို စောင့်ရှောက်ပေးကြပ့်မလားဆိုပြီးလည်း စိုးရိမ်နေရသည်။







◀ ပြောင်းရွှေ့ရတိုင်း မိသားစုမှာ ထပ်ပြီးစိတ် ဒဏ်ရာရကြပြန်တယ်။ သူတို့ဘဝကို အထီးကျန်ဆန်စွာ ကျားကုတ်ကျားခဲနဲ့ ပြန်စရသည့်အပြင် သူတို့၏ မိသားစုများ၊ သူငယ်ချင်းများနှင့်လည်း ထပ်မံဝေးရပြန်သည်။

# စုပေါင်းလုပ်ခဲ့သော အမှတ်တရများ ဖျက်ဆီးခံရခြင်း။


လူနေအိမ်ခြေစုတွေ ပြောင်းရွှေ့ခံရတဲ့အခါ သူတို့၏ ချိတ်ဆက် ဆက်သွယ်မှုများလည်း ပြတ်တောက်သွားရသည်။ မဆိုစလောက်သော သမိုင်းမှတ်တမ်းလေးတွေတောင် ပျောက်ဖျက်ခံရသည်။ တရားမဝင် အိမ်ခြေစုတွေမှာ နေထိုင်နေကြတဲ့ လူတွေမှာ မြို့တွေမည်သို့ဖွံ့ဖြိုးတိုးတက်လာပုံ၊ အကျိုးသက်ရောက်မှုရှိသော ဖြစ်ရပ်များက တိုင်းပြည်တစ်ခုလုံးကို မည်သို့ပုံဖော်သွားပုံတွေရဲ့ ဇဟုတုတနှင့် အမှတ်တရတွေ ရှိနေပါသည်။ ဤမှတ်ဉာဏ်တွေက သူတို့ရဲ့ နေ့စဉ်နေထိုင်သွားလာ ကူးလူးဆက်ဆံမှုတွေကြားမှာ ရှင်သန်နေပြီး ဤလူ့အသိုင်းအဝိုင်းချိတ်ဆက်မှုများ ဖျက်ဆီးခံရသည့်အခါ စုပေါင်းမှတ်တမ်းမှတ်ရာများလည်း မေ့မှိန်ပျောက်ကွယ်သွားရနိုင်ပါသည်။

▼ သူနှင့်သူ၏အိမ်နီးချင်းများသည် မြို့စွန်တွင်အတူတူပင်ပြန်တွေ့ကြသည်။ သူတို့သူငယ်ချင်းရောင်းရင်းများသည် မကြာခဏ ရပ်ကွက်လက်ဖက်ရည်ဆိုင်တွင်တွေ့ဖြစ်ကြပြီး အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြတွင် ပါဝင်ခဲ့သည့် ရှေ့ဟောင်းနှောင်းဖြစ်များ ပြောဖြစ်ကြသည်။





▲ ရန်ကုန်မြို့လယ်ခေါင်ရှိ ရွှေတိဂုံဘုရားနှင့် မဝေးသော နေရာရှိ တဲအိမ်ငယ်လေးသည် ဦးရဲထွဋ်နေနေသော နေရာလေးဖြစ်သည်။ ၁၉၈၈ နှောင်းပိုင်းတွင် အစိုးရကြောင့် သူ၏မိသားစုနှင့် တခြားမိသားစုများသည် ရွှေပြည်သာသို့ ပြောင်းရွှေ့အခြေချနေထိုင်ရပြန်သည်။





၃

▲ အကန့်အသတ်များစွာရှိသော်လည်း သူတို့သည် နေစရာအိမ် လိုအပ်နေသူများကို နေရာရဖို့အတွက် အကြံဉာဏ်ပေးခြင်း၊ အိမ်ငှားအတွက် ညှိနှိုင်းပေးခြင်း စသည်ဖြင့် အချင်းချင်း ရိုင်းပင်းကူညီကြသည်။ ကျားကုတ်ကျားခဲနှင့် စရသည့်ဘဝရဲ့ စိန်ခေါ်မှုကို သူတို့ ကောင်းစွာ သဘောပေါက်သည်။

▼ အားလုံးအခြေကျပြီးသကာလ ရွှေပြည်သာရှိ ဦးရဲထွဋ် အခြေချနေထိုင်ခဲ့သည့်နေရာကို မြို့ရဲ့အခြားနေရာများအတိုင်းပဲ ဖယ်ရှားနှင်ထုတ်မည့် အကြောင်းကြားစာလက်ခံရရှိခဲ့ပြန်သည်။ သူမိသားစုက အသက်ကြီးခါမှ ဒါမျိုး ဒုက္ခ ခံစားရလိမ့်မယ်လို့ သူ မထင်ခဲ့ပါဘူး။




၄


၅


◄ ဘူဒိုစာတွေနဲ့ ယှဉ်နိုင်စွမ်း မရှိသောကြောင့် အိမ်နီးချင်းတော်တော်များများက လွန်ခဲ့တဲ့ နှစ် ၃၀ ကတည်းက အကြိမ်ကြိမ်ဆောက်လုပ်မွမ်းမံခဲ့သည့် သူတို့၏ အိမ်များကို ဖြိုဖျက်နေကြပြီဖြစ်သည်။ အကယ်၍ အိမ်ဖြိုဖျက်မယ့်စက်တွေ မရောက်ခင် သူတို့အရင် သိမ်းနိုင်ရင် အနည်းဆုံးတော့ အိမ်ကနေရလာမည့် တစ်ချို့ပစ္စည်းတွေကို ပြန်လည်ရောင်းချနိုင်မည် ဖြစ်သည်။

► မြို့သမိုင်းမှာ အဓိကအခန်းကဏ္ဍကပါဝင်တဲ့ လူ့အသိုင်းအဝိုင်းနောက်တစ်ခု ပျောက်ဖျက်ခံလိုက်ရပြန်ချေပြီ။ လက်ဖက်ရည်ဆိုင်မှာ ပြောကြဆိုကြခဲ့တဲ့ အကြောင်းအရာတွေအတွက်ကတော့ အချိန်ထပ်ပြီး စောင့်ရပါလိမ့်ဦးမည်။


၆


# ဆင်းရဲခြင်းနှင့် တရားမဝင်ခြင်း၏ စက်ဝိုင်းဆိုးကြီး။


လူများကို ဆင်းရဲတွင်းသို့ရောက်အောင်တွန်းပို့ခြင်းအားဖြင့် ငွေရေးကြေးရေးအရ၊ လူမှုရေးအရ၊ စိတ်ပိုင်းဆိုင်ရာအရ ပိုပြီး ဆုတ်ယုတ်သွားစေပြီး ထိုအတင်းအဓမ္မဖယ်ရှားခြင်းသည် ဆင်းရဲသား ရပ်ကွက်ပြဿနာအား ဖြေရှင်းခြင်းနှင့် အဝေးကြီးတွင်ရှိနေသည်။ ဖယ်ရှားနှင်ထုတ်သည့်သူများက 'ရှင်းလင်းရေးလုပ်ငန်း' ဟုပြောသော်လည်း တရားမဝင်အခြေချ နေထိုင်သူများသည် လေထဲတွင် ပျောက်ကွယ်သွားမည် မဟုတ်ပေ။ သူတို့သည် အစွန်အဖျားတစ်နေရာကို ထပ်မံရှာပြီး ပြန်လည်ဖြစ်လာရုံသာရှိသည်။ မြန်မာပြည်နှင့် အပြင်က ဥပမာများက ပြနေသည်မှာ လုံလောက်သော အစီအမံမရှိဘဲ ရွှေ့ပြောင်းဖယ်ရှားခြင်းသည် တရားမဝင် အိမ်ခြေများ ဖြစ်ပေါ်စေပါသည်။ ထို့နောက် ထပ်ပြီးဖယ်ရှားနှင်ထုတ်ခြင်းများကို ပြန်ဖြစ်စေပါသည်။ ဤသို့ဖြင့် သူတို့၏ အိမ်ရာအခြေအနေသည် စက်ဝိုင်းဆိုးကြီးသကဲ့သို့ လည်နေပါတော့သည်။




► သူမ၏ မွေးရပ်မြို့မှ တခြားလူအချို့နှင့်အတူ သူမလှိုင်သာယာသို့ရောက်ရှိလာခဲ့သည်။ သူမသည် တရားမဝင်အိမ်ခြေစုထဲမှ အခန်းငယ်တစ်ခုကို အိမ်ပိုင်ရှင်ဆီမှ ငှားရမ်းခဲ့သည်။


◄ မစုသည် သူမအသက် ၂၀ ကတည်းကပင် ရန်ကုန်မြို့တွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူမသည် သူမမြို့ငယ်လေးမှာ ပြုလုပ်သည့် ၁၉၈၈ အစိုးရကို ဆန့်ကျင်သည့် ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ပြီး ထိုဆန္ဒပြပွဲများ နောက်ဆုံးမှာ ငြိမ်သက်သွားသော်လည်း သူမအတွက်ထိုနေရာတွင် နေထိုင်ရန် လုံခြုံမှုမရှိဟု ခံစားခဲ့ရသည်။






▲ နှစ်အနည်းငယ်အတွင်းမှာ သူမသည် နေရာအတော်များများပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ပထမတစ်ကြိမ်ကတော့ အိမ်ရှင်က အခန်းပြန်အပ်ဖို့တောင်းဆိုတာကြောင့်၊ နောက်တော့ အခန်းခတွေဈေးတက်တော့ မတတ်နိုင်တော့လို့ ပြောင်းရတာရှိသလို စက်ရုံအသစ်တွေ တည်ဆောက်သောကြောင့် သူမတခြားနေရာသို့ပြောင်းရတာလည်း ရှိခဲ့သည်။


▼ နောက်ပိုင်းမှာတော့ ရန်ကုန်မြို့ထဲရှိလူများသည့် အဆောင်တစ်ခုရဲ့ အခန်းငယ်လေးမှာ ပြန်နေဖြစ်ခဲ့သည်။ သူမက အသက်မွေးဝမ်းကြောင်းအတွက် လမ်းဘေးမှာ ဈေးပြန်ရောင်းဖြစ်တော့ အခြေအနေအနည်းငယ်မျှ နောက်ဆုံးမှာ သူမအတွက် ပြန်တည်ငြိမ်လာသည်ဟု ပြောရမည်။






▲ ဒါပေမယ့်လည်း ထိုတည်ငြိမ်မှုသည် မကြာလိုက်ပေ။ မြို့လယ်ခေါင်နေရာ တစ်ချို့မှာ ရောင်းချနေတဲ့ လမ်းဘေးဈေးသည်များ ကမ်းနားလမ်းမကြီးရှိ ဈေးအသစ်သို့ ပြောင်းရွှေ့ရမည်ဟူသော ကောလဟာလများ စကြားရပြီး နောက်ဆုံးတွင်တော့ ထိုကြေငြာချက်သည် တရားဝင်အတည်ဖြစ်လာခဲ့သည်။


▼ ပြန်လည်နေရာချပေးသည့်ကိစ္စကို အကောင်းဖက်မှ သူမအနေဖြင့် တတ်နိုင်သလောက် ကြိုးစား လုပ်ကိုင်နေထိုင်နေသော်လည်း သူမ၏ ဝင်ငွေမှာ အရင်ကနဲ့မတူတော့ပေ။ ဖောက်သည် အနည်းငယ်သာ စားသောက်တန်းအသစ်သို့ လမ်းလျှောက်ထွက်ကြသည်။ အမြဲရှုပ်နေတဲ့လမ်းမကြီး ကလည်း အနီးအနားက ခရိုင်မြို့နယ်တွေနဲ့ သူတို့ကို တစ်သီးတစ်သန့်ဖြစ်စေပြန်သည်။





▲ စိတ်လေးလံစွာနဲ့ပဲ နောက်တစ်နေရာထပ်ပြောင်းဖို့လိုပြီဟု ဆုံးဖြတ်ခဲ့သည်။ ဒီတစ်ခါမှာတော့ မြစ်ရဲ့တစ်ဖက်ကမ်းလေးမှာရှိတဲ့ ဒလမြို့နယ်သို့ ဦးတည်ခဲ့သည်။ သူမတတ်နိုင်တဲ့ တစ်နေရာတည်းသောနေစရာက တရားမဝင် အိမ်ခြေစုလေးထဲက တဲငယ်လေးတစ်လုံးသာဖြစ်သည်။

▼ တစ်ခါပြောင်းရွှေ့ရတိုင်း သူမရဲ့နှလုံးသားအပိုင်းအစတွေကို ချန်ထားခဲ့ရသည်၊ တကယ်မဖြစ်လာနိုင်တော့တဲ့ သူငယ်ချင်းတွေ၊ အိမ်နီးချင်းတွေ၊ အခွင့်အလမ်းတွေ ပြီးတော့ အိမ်မက်တွေပါပဲ။ နှစ်အနည်းငယ်တိုင်းလိုလို ဘဝပြန်စနေရခြင်းသည် ဘယ်နည်း နဲ့မှ ဆင်းရဲမွဲတေမှုနှင့် အခြေတကျမရှိသည့်ဘဝကနေ လွတ်မြောက်နိုင်မည်မဟုတ်ပါ။



ရဲ၊ စစ်သားများက မီးရထားအလုပ်သမား ၁၀၀၀ ကျော်နှင့် သူတို့၏ မိသားစုများ အား အတင်းအဓမ္မနှင်ထုတ်ခဲ့ကြသည်။

(Frontier Myanmar, 2021)

အကြောင်းအရာ။ ကျူးကျော်များ ရှင်းလင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း

၁။ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်-ပုသိမ် ဝဲ/ယာတစ်လျှောက်ရှိ ကျူးကျော်များ အား ယခုနှစ်မိုးလင်းရာသီတွင် ဥပဒေနှင့်အညီ ရှင်းလင်းဖယ်ရှားဆောင်ရွက်မည့် အစီအစဉ်များအား သက်ဆိုင်ရာဌာနများမှ ကြိုတင်စီမံဆောင်ရွက်လျှက်ရှိပါသည်။

၂။ သို့ပါ၍ ကျူးကျော်များ ရှင်းလင်းဖယ်ရှားသည့် အချိန်တွင် လူကြီးမင်းတို့ အခက်အခဲမဖြစ် ပေါ်စေရေးနှင့် နေထိုင်ရေးကိစ္စများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် အသိပေး အကြောင်း ကြားအပ်ပါသည်။

“အာဏာပိုင်များသည် ကျူးကျော်များကို ရှင်းလင်းရန် စီစဉ်နေ [...] ဥပဒေအတိုင်း ဖြစ်သည်။”
(နှင်ထုတ်စာမှ)

သန်လျှင်မှ အနေကြာသော မိသားစုများသည် စစ်တပ်၏ နှင်ထုတ်ခြင်းကို နောက်ဆုံးမှ ရင်ဆိုင်ရသူများဖြစ်သည်။

(DVB, 2021)



၂၀၂၁ အောက်တိုဘာလ ၂၈ ရက် မနက်ခင်းတွင် ဘူဒိုဇာ ၁၀ စီးနဲ့ စစ်ကားတွေက လက်နက်ကိုင် စစ်သားတွေ၊ ရဲတွေ၊ စည်ပင်အလုပ်သမားတွေနဲ့ အတူရောက်လာပြီး ရန်ကုန်အနောက်ပိုင်းနဲ့ ဧရာဝတီတိုင်းက ပုသိမ်နဲ့ ဆက်ထားတဲ့ ရန်ကုန်-ပုသိမ်လမ်းပုခုံးပေါ်က ဖြစ်သလိုလုပ်ထားတဲ့တဲတွေနဲ့ အိမ်တွေကိုဖျက်ဆီးဖို့ရောက်လာကြတယ်။ တကယ်တော့ ကျူးကျော်အများစုက အဲ့မတိုင်ခင်ညထဲက မတရားအဖမ်းခံရမှာ၊ ရိုက်နှက်ခံရမှာ၊ နှိပ်စက်ခံရမှာကို ကြောက်တာနဲ့ သူတို့အိမ်တွေကို ဖျက်ချပြီးပါပြီ။ အွန်လိုင်းပေါ်မှာပြောထားတာကတော့ ဒီလမ်းတစ်လျှောက် အတင်းအကျပ်ဖယ်ရှားခံလိုက်ရတဲ့ ကျူးကျော်တွေ ခန့်မှန်းခြေ မိသားစုပေါင်း ၈၀၀၀ လောက်ရှိတယ်ပြောတာပဲ။
(အမည်မဖော်လိုသူ၊ ၂၀၂၁)

“လူမိုက်တွေ ငိုမယ်လို့ ကျနော်တစ်ခါမှ မတွေးဖူးဘူး”။

လှိုင်သာယာနယ်ခံတွေက တုန်လုပ်သွားပေမယ့် အံတုနေဆဲပါ။


(Frontier Myanmar, 2021)

# အာဏာသိမ်းပြီးနောက်ပိုင်း ကျူးကျော်မှုများ၏ ခက်ခဲစိန်ခေါ်မှုနှင့် သူတို့၏ ခုခံကာကွယ်မှု

စစ်တပ်ရဲ့ အာဏာသိမ်းပြီး ရက်အနည်းငယ်ကြာတဲ့အခါ ရန်ကုန်အစွန်အဖျားမြို့နယ်တွေက ဆင်းရဲသားတွေဟာ မြို့ထဲကို ဆန္ဒပြဖို့ အစုလိုက်တက်လာကြပါတယ်။ သူတို့တွေက အစောဆုံးနဲ့ ဖွဲ့အကောင်းဆုံး ဆန္ဒပြတဲ့သူဖြစ်ခဲ့ကြပြီး အဲ့တာအတွက်လည်း တန်ဖိုးကြီးကြီးပေးဆပ်ခဲ့ရပါတယ်။ မှတ်မှတ်ရရ မတ်လ ၁၄ ရက်နေ့က လှိုင်သာယာဖြိုခွင်းခြင်းမှာဆိုရင် လူပေါင်း ၇၀ ကျော် အသက်သေဆုံးခဲ့ရပါတယ်။ သူတို့ရဲ့ အာဏာရှင်ကို ခုခံမှုတွေက အဲ့အချိန်ကတည်းက နည်းအမျိုးမျိုးနဲ့ ဆက်ရှိနေခဲ့တာပါ။ စည်းရုံးခြင်း၊ သတင်းမျှဝေခြင်း၊ ထွက်ပြေးနေရတဲ့သူတွေကို လုံခြုံတဲ့နေရာပေးခြင်း၊ မျက်ကွယ်ဖြစ်နေပြီး လိုအပ်နေတဲ့သူတွေကို အကူအညီတွေ ရောက်အောင်ပို့ပေးခြင်း စတာတွေလုပ်နေခဲ့ပါတယ်။ လပိုင်းအတွင်းမှာပဲ သူတို့ကြောက်နေခဲ့တဲ့ စစ်အာဏာရှင်အောက်မှာနေရတဲ့ ဘဝကံကြမ္မာက အတည်ဖြစ်လာခဲ့ပါတယ်။ စက်တင်ဘာ ၂၀၂၁ မှာ စတင်ခဲ့တဲ့ ကောလဟာလဟာ ရန်ကုန်မြို့ရဲ့ နေရာအမျိုးမျိုးက အိမ်ခြေစုတွေကို ဆက်တိုက် အဓမ္မပြောင်းရွှေ့ဖယ်ရှားခြင်း အမိန့် အဖြစ်ပြောင်းလဲသွားခဲ့ပါတယ်။ ရန်ကုန်အနှံ့က လူတွေက သူတို့ရဲ့ အိမ်တွေကို ဖြိုဖျက်ဖို့ အမိန့်ပေးခြင်းခံရတယ် မဟုတ်ရင်လည်း သူတို့အစား ဘူဒိုဇာတွေနဲ့ ဖျက်နေတာကိုပဲ ကြည့်နေရတယ်။ စစ်တပ်က အခြေခံလူတန်းစားတွေကို သူတို့ရဲ့ ခုခံမှုကြောင့် အပြစ်ပေးနေတာမဟုတ်ဘဲ မြေတွေကို ရှင်းလင်းပြီး လူအများကို ချန်းကာ လူအနည်းငယ်လောက်သာ အကျိုးအမြတ်ရရှိမယ့် အဂတိလိုက်စား ပျက်ဆီးနေတဲ့ ဈေးကွက်ထဲကို ပို့ဖို့ အခွင့်အရေးကို အရယူနေခြင်းလည်းဖြစ်ပါသည်။

# ဘယ်နည်းနဲ့မဆို
# သူမ ကြံ့ကြံ့ခံခဲ့သည်။

လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်းတွင် ရန်ကုန်မှ နေထိုင်သူများစွာသည် မြို့အတွင်းရှိ သူတို့နှင့် မရင်းနှီးသည့်နေရာများသို့ အတင်းအဓမ္မပြောင်းရွှေ့ခံရပြီး ထိုနေရာတွင်ပင် အခြေချဖို့ဖြစ်လာခဲ့ရသည်။ တစ်ကြိမ်လောက်ဖယ်ရှားနှင်ထုတ်ခံရသည့် အတွေ့အကြုံသည်ပင် စိတ်ဒဏ်ရာ ရနိုင်သော ဖြစ်ရပ်ဖြစ်ပြီး ကောင်းမွန်သော ဘဝ တည်ဆောက်ရန်အတွက် အခက်ခဲများစွာ စွန့်လွှတ်အနစ်နာခံမှုများစွာက နောက်တွင်လိုက်လာတော့သည်။ များမကြာမီက များစွာသော ဖယ်ရှားနှင်ထုတ်ခံရသည့်အထဲတွင် တချို့မှာ သူတို့ကိုယ်သူတို့ တဖန်ပြန်တည်ဆောက်ရန် မဖြစ်နိုင်တော့ဟု မြင်မိသော်လည်း ထိတ်လန့်စရာ မခံမရပ်နိုင်စရာ အဖြစ်အပျက်တွေက သူတို့နား ဝန်းရံနေပေစေကာမူ ကြံ့ကြံ့ခံရင်ဆိုင်ရုံမှအပ သူတို့အဖို့ တစ်ခြားရွေးချယ်စရာမရှိဟု ခံစားနေကြရသည်။




▲ ဒေါ်ဆန်းဆန်းသည် သူမမိသားစုနှင့်အတူ အင်းစိန်မြို့နယ်တွင်နေထိုင်လေ့ရှိသည်။ ၁၉၈၉ မှာတော့ နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့ရန် သူတို့အား အမိန့်ပေးခံခဲ့ရသည်။ ထိုနေရာကတော့ လှိုင်သာယာမြို့နယ်ဖြစ်လာခဲ့သည်။ ထိုအချိန်တွင် လူဦးရေ ၅ သိန်းအထက် ဖယ်ရှားနှင်ထုတ်ခံခဲ့ရသော်လည်း သူမဘာကြောင့်နှင်ထုတ်ခံခဲ့ရသည်ကိုတော့ တကယ်ကို နားမလည်ခဲ့ပါဘူး။

▼ နေရာအသစ်မှာ ဒေါ်ဆန်းဆန်းသည် မည်သူနှင့်မှ မသိသော်လည်း ကောင်းမွန်တဲ့ဘဝ ရရှိကြဖို့ သူတို့သည် အတူတကွ အလုပ်လုပ်ရင်း ပြောင်းလဲလာခဲ့ကြသည်။ ပြောင်းရွှေ့လာကြတဲ့ မိသားစုများကဲ့သို့ပဲ ဒေါ်ဆန်းဆန်းလည်း လယ်ကွင်းပြင်က မြေလေးတစ်ကွက်ရရှိသည်။ သို့သော် မည်သည့် အိမ်ဆောက်ပစ္စည်း၊ အခြေခံအဆောက်အအုံမှုမပါခဲ့ပေ။ ထို့ကြောင့် သူတို့သည် ရေတွင်းတူး၊ လမ်းတွေဖောက်၊ ခြံဝင်းနယ်နမိတ်တွေပြုလုပ်ကြခြင်း စသည်တို့ကို အစကနေ စလုပ်ခဲ့ကြရသည်။






▲ တစ်ခါတစ်ရံ အာဏာပိုင်များက သူတို့ကို အခြေခံအဆောက်အအုံဆောက်လုပ်သည့် လုပ်ငန်းခွင်တွင် အတင်းအကျပ်လုပ်ခိုင်းသေးသည်။ မိသားစုတိုင်းက ဉပမာ သူတို့၏ အိမ်ပတ်လည်မှာ ၅ ပေအနေက် မြောင်းတူးခိုင်းခဲ့ကြရပြီး ခိုင်းထားသည့်အလုပ်များပြီးစေဖို့ရာ ကလေးများလည်း ဝင်ကူခဲ့ကြရသည်။ မပြီးလျှင် ဒဏ်ငွေ ၅ထောင် ပေးဆောင်ရမည်ဖြစ်သည်။

▼ အခက်ခဲများစွာရှိသော်လည်း ပတ်ဝန်းကျင်အသစ်လေးတစ်ခု ဖြစ်လာပြီဟု သူမတွေးမြင်မိခဲ့သည်။ သူမ ချက်ပြုတ်ပြီး စားစရာများ စတင်ရောင်းချခဲ့သလို ဖောက်သည်များလည်း ရရှိခဲ့သည်။ သူမ၏ကလေးတွေ မြေးတွေကိုလည်း ကျွေးမွေးပျိုးထောင်နိုင်ပြီး သူငယ်ချင်းကောင်းများစွာလည်းရှိလာခဲ့သည်။ သည်လိုဖြင့် လှိုင်သာယာတွင် သူမ အခြေကျခဲ့သည်။







▲ ၂၀၂၁ အာဏာသိမ်းပြီးနောက် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ပွဲများ သူမ ပတ်ဝန်းကျင်တွင် ပြုလုပ်ခဲ့ကြသည်။ သူမသားလည်း CDM လှုပ်ရှားမှုတွင် ပါဝင်သဖြင့် အိမ်မှထွက်သွားပြီး ပုန်းရှောင်နေရသည်။ အဘယ်ကြောင့်ဆိုသော် များမကြာမီ အာဏာရှင်၏ ပစ်မှတ်စာရင်းတွင်ပါလာလိမ့်မည်လို့ သူသိနေသော ကြောင့်ဖြစ်သည်။ တကယ်ပင် ရက်အနည်းငယ်ကြာပြီးနောက် ဒေါ်ဆန်းဆန်း၏ သားသည် စာရင်းတွင်ပါလာခဲ့သည်။







▲ ထိုအချိန်ကတည်းကပင် လက်နက်ကိုင်အင်အားများသည် ဒေါ်ဆန်းဆန်း၏အိမ်ရှေ့မှာ ပင်တပ်စွဲထားကြသည်။ သူမအား တစ်ချိန်လုံးစောင့်ကြည့်ခံရသည်ဟု ခံစားနေရသည်။ တစ်နေ့မှာတော့ သူမ၏ တံခါးမှာ စာတစ်စောင်တွေ့ရာ ထိုစာမှာတော့ ဤအိမ်တွင် တစ်ဦးတစ်ယောက်မှ မနေထိုင်ပါကအိမ်အသိမ်းခံရမည်ဟုရေးထားသည်ကို တွေ့ခဲ့ရသည်။

▼ မြို့အနှံ့အပြားမှာ ဖယ်ရှားနှင်ထုတ်သည့်ကိစ္စများ ဖြစ်လာပြီးနောက် သူမ၏သားက သူမကို ခေါ်ထားနိုင်သော သူ၏သူငယ်ချင်းများရှိရာ မြို့သို့ပြောင်းနေခိုင်းခဲ့သည်။ သို့သော် သူမ မသွားချင်ပါ။ သူမ၏ အိမ်ဆုံးရှုံးရမည့် ကြောက်စိတ်တစ်ခုတည်းကြောင့်မဟုတ်ဘဲ ထိုနေရာနှင့် ပတ်ဝန်းကျင်ကို သူမ ခင်တွယ်သောကြောင့်ဖြစ်သည်။ သူမ၏အသက်မှာ ၈၀ နားနီးပြီဖြစ်ပြီး နေရာအသစ်တစ်ခုမှာ ဘဝသစ်ပြန်မစနိုင်တော့ဘူးဟု သူမ ထင်သောကြောင့်ဖြစ်သည်။



# တရားဝင်ဖြစ်ခြင်းနှင့် မဖြစ်ခြင်းတို့ကြားက ပြတ်သားမှုမရှိသော သတ်မှတ်မှုများ။

လူများ မြေနှင့် အိမ်ရာတို့ ရပုံများကို ကြည့်လျှင် 'တရားဝင်ရခြင်း' နှင့် 'တရားမဝင်ရခြင်း' တို့ကြား ကွာခြားချက်မှာ ထင်ထင်ရှားရှားမရှိပါ။ ရရှိလာပုံများစွာတွင် ဘယ်ကိုပဲရလာလာ လူတွေက တစ်ခုကနေ တစ်ခုကို ပြောင်းရတဲ့အခါ သူတို့မထိန်းချုပ်နိုင်သော အခြေအနေများကြောင့်သာဖြစ်ပြီး သူတို့ရဲ့ ဆုံးဖြတ်ချက် မှန်ခဲ့ မှားခဲ့သောကြောင့် မဟုတ်ခဲ့ပါ။ ဤသို့ပြောင်းလဲမှုများသည် စိတ်ထင်တိုင်းဖြစ်နေပြီး ရိုးရှင်းသော ဖြစ်စဉ်အတိုင်းလိုက်နေခြင်း မဟုတ်ဘဲ ကံ သို့မဟုတ် အခွင့်အရေးအရလည်း ဖြစ်နိုင်ပါသည်။ ဤသည် ပျံ့ကျဲနေထိုင်သူများကို 'တရားမဝင်' နေထိုင်သူများဟု အလွယ်တကူ အပြစ်မပြော၊ အကဲမဖြတ်ဖို့ သတိပေးချက်တစ်ခုဖြစ်သည်။ မနိုင် ဘဝကပြနေသည့်အတိုင်း အာဏာသိမ်းမှုကြောင့် ခက်ခဲမှုများသည် ဒီလို ပြောင်းလဲမှုများနှင့် လူများ၏ မလုံခြုံမှုတို့ကို ပို၍ ပြင်းထန်လာစေသည်။




▲ မနိုင်သည် လှိုင်သာယာမြို့နယ်ရှိ တရားဝင်သည့်အပိုင်းတွင် နေထိုင်လေ့ရှိသည်။ သူမ၏မိသားစုသည် တခြားမိသားစုအိမ်၏ အဖီမှ အခန်းငယ်လေးမှာ ငှားရမ်းနေထိုင်ကြပြီး မိသားစု၏ အဓိက ဝင်ငွေမှာ အမျိုးသား၏ ဆိုက်ကားနင်းသည့် အလုပ်မှ ဖြစ်သည်။

▼ သူမ ဒုတိယကလေးမွေးချိန်မှာတော့ ဆေးရုံမှာ ရက်အနည်းငယ်နေခဲ့ရသေးသည်။ သူမပြန်ရောက်ချိန်မှာတော့ သူမအိမ်က မိုးပြင်းကြောင့် ပြိုကျနေပြီး ရေများ ကြီးနေသည်ကို မြင်လိုက်ရသည်။ အိမ်ရှင်သည် သူမအား ထိုနေရာလေးကို ပြန်ဆောက်ဖို့ မခွင့်ပြုပေ။ မွေးခါစ ကလေးငယ်ကို ပြုစုစောင့်ရှောက်ဖို့ရာ ထိုရပ်ကွက်အတွင်းရှိ ပျံ့ကျဲနေသည့်အပိုင်းသို့ ပြောင်းနေဖို့ မြန်မြန် ဆုံးဖြတ်လိုက်ရသည်။ ဤကဲ့သို့ဖြင့် ထိုနေရာသည် သူမ၏ နေအိမ်အသစ်ဖြစ်လာခဲ့သည်။




◄ အာဏာသိမ်းမှုဖြစ်ပွားသည့်အခါမှာ ဘဝက ပိုမိုပြီး ခက်ခဲလာခဲ့ပါသည်။ ဆန္ဒပြသည့် အမှတ်အသားဖြစ်သော အနီရောင်အလံကို သူမအမျိုးသားက သူ၏ ဆိုက်ကားတွင် တပ်ထားသည့်အတွက်ကြောင့် စစ်သားများက သူမ၏ယောက်ျားကို ပါးရိုက် ကန်ကြောက်ပြီး သူ့အား စောင့်ကြည့်နေမည်ဟု သတိပေးခံရသည်။






▲ လအနည်းငယ်ကြာပြီးနောက် မနိုင်ယောက်ျားသည် ငါးဖမ်းလှေတွင် အလုပ်အသစ်ရသွားတဲ့အခါ သူမတွေးခဲ့သည်က လက်ရှိပြဿနာကို ရှောင်နိုင်ပြီး အိမ်အတွက် ဝင်ငွေပိုရမည်ဟု တွေးခဲ့ပါသည်။ ထိုအချိန်ကတည်းကပင် သူမ၏ အမျိုးသားဆီမှ မည်သည့်သတင်းမှ မကြားရသေးပေ။

▼ ဒီအချိန်အတွင်းမှာ သူမ၏ ငွေရေးကြေးရေးအခြေအနေသည် စတင်ခက်ခဲလာသည်။ သူမ၏ ကလေးနို့မှုန့်အတွက်တောင် အခက်ကြုံလာသည်။ သူမ၏ အိမ်နီးနားချင်းကလေးတွေကို စာသင်နေရပေမယ့် လူတိုင်းလိုလို ကြပ်တည်းနေသောကြောင့် သူမ စာသင်ခအတွက် အခငွေရသည်မှာ ရှားပါးပါသည်။ “ဒီအချိန်မှာတော့ ဒီလိုပဲလုပ်ရမှာပေါ့”။







◄ ပံ့ကျရပ်ကွက်ကို စတင်ဖယ်ရှားချိန်မှာတော့ သူမနေအိမ်သည် လမ်းမကြီးတွင် မဟုတ်သောကြောင့် ကျန်ခဲ့လိမ့်မည်ဟု သူမ ထင်ခဲ့သည်။ သို့သော်လည်း ဒီဇင်ဘာလထဲမှာတော့ မည်သည့် အကြောင်းကြားခြင်းမှ မရှိဘဲ သူမအိမ် အဖျက်ခံရသည်။ အိမ်ဖျက်ရာတွင် ကြေးစားလူမိုက်နှင့် ငှားထားသည့် အဖွဲ့တွေပါဝင်ပြီး နာရီအနည်းငယ်အတွင်းမှာ မြေပေါ်တွင်ကျန်ခဲ့သည်မှာ ကျိုးပဲ့နေတဲ့ ဝါးလုံးပိုင်းတွေနှင့် သွပ်ပြားစတွေသာ ဖြစ်သည်။




▲ ဖယ်ရှားခံရသည့် မိသားစုတော်တော်များများသည် အခြားနေရာပြန်ရှာဖို့ အတော်ခက်ခဲသည်။ အိမ်/အဆောင်ပိုင်ရှင်တော်တော်များများသည် ကျူးကျော်များကို ငှားရမ်းဖို့ ငြင်းဆန်ခဲ့ကြသည်။ တချို့ မိသားစုတွေတော့ ချောင်းနံ့လေးမှာ စတင်နေထိုင်ကြသည်။ ကံကောင်းစွာဖြင့် သူမကတော့ သူမယောက္ခမကတဆင့် တရားဝင်ရပ်ကွက်တွင် အခန်းရခဲ့သည်။ တစ်လကိုတော့ ၆၅၀၀၀ ပေးရပြီး ထပ်ဆောင်းအနေဖြင့် ငွေအပေါင် ၁၃၀၀၀၀ ကျပ်နှင့် စေတနာကြေးအနေနဲ့ ဆန်တစ်အိတ်တို့ကို ပေးခဲ့ရသည်။




▲ သူမအိမ်ငှားခတွေ နောက်ကျနေပြီး အိမ်ရှင်သည် သူမကိုစပြီးဖိအားပေးလာသည်။ အထူးသဖြင့် သူမကလေးအာဟာရအတွက် လှူဒါန်းမှု လက်ခံရရှိသည့် အချိန်မျိုးတွင် ပိုဖိအားပေးသည်။ သူမအိမ်လစာမပေးနိုင်သောကြောင့် သူမ၏ အဝတ်များကို အိမ်ရှင့်ကလေးများအားပေးခဲ့ရသည်။ ထို့ကြောင့် သူမရက်အနည်းငယ်နားအေးသွားခဲ့သော်လည်း ခဏကြာလျှင် အိမ်ရှင်က အိမ်လခ ထပ်တောင်းပြန်သည်။




သူမတွေးမိသည်မှာ “ကျမ မှန်ကန်စွာနေထိုင်တဲ့နေရာကနေ ပံ့ကျရပ်ကွက်ကို ပြောင်းသွားတယ်။ ပြီးတော့ အဲ့ဒီပံ့ကျရပ်ကွက်ကနေ ဒီတရားဝင်အိမ်တွေကို ပြန်ပြောင်းလာတယ်။ ကျမ ဘယ်သူဆိုတာ ပြောင်းလဲသွားတာမရှိပါဘူး။ ကျမရဲ့ အခြေအနေက ခက်ခဲပေမယ့် ကျမလည်းပဲ လူပါပဲ။ လူကောင်းတစ်ယောက်ပဲလေ”။

# မဖယ်ရှားခံရသူ
# တစ်ယောက်မှမရှိပါ။


ပြောရမည်ဆိုလျှင် ၂၀၂၁ ခုနှစ်ကစ အာဏာရှင်၏ စစ်သားများနှင့် အုပ်ချုပ်ရေးမှူးလုပ်နေသော အတင်းအဓမ္မဖယ်ရှားမှုသည် တစ်ယောက်ကိုမှ သက်ညှာခြင်းမရှိပါ။ အကယ်၍ မြေ၊ အိမ်များအား အစီစဉ်တကျဝယ်ထားသည်ဖြစ်သော်လည်း ယခင်က မြေပိုင်ဆိုင်သည့် သဘောတူညီချက်သည် တစ်စုံတစ်ဦးကိုမှ ကာကွယ်ရန်မဖြစ်နိုင်ပါ။ သင်ဘယ်လောက် သင့်ပတ်ဝန်းကျင်အတွက် လုပ်ခဲ့ပါစေ၊ သင်မည်သူမည်ဝါဖြစ်ပါစေ၊ သက်တူရွယ်တူများကြားတွင် သင်ဘယ်လောက် ရိုသေလေးစားခံရပါစေ ဂရုမစိုက်ပါဘူး။ အာဏာရှိသောသူနှင့် အလွန်မှ အတွင်းကျသော ပုဂ္ဂိုလ်ရေးချိတ်ဆက်မှုရှိသူသာလျှင် တစ်စုံတစ်ဦးအတွက် ထိုမြေနေရာတွင် ပြန်ပြီးနေထိုင်ဖို့ လုပ်ပေးကောင်းလုပ်ပေးနိုင်မည်။ ယခု ဘဝဇာတ်ကြောင်းကတော့ အမယ်အိုတစ်ယောက်နှင့် စစ်တပ်တွင် အမှုထမ်းနေသည့် သူမ၏ သားအား သူမ၏ သားနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းကိုယ်တိုင်က သူတို့၏ နေအိမ်မှ မောင်းထုတ်ခဲ့သော အကြောင်းပင်ဖြစ်သည်။




▲ ဒေါ်ဆွေဆွေသည် လူသားချင်းစာနာထောက်ထားမှုမှ ဝန်ထမ်းတစ်ဦးဖြစ်ပြီး လူတွေရဲ့ကျန်းမာရေးအတွက် အလုပ်လုပ်ပေးသူဖြစ်သည်။ လှိုင်သာယာတွင် မြေတစ်ကွက်ဝယ်ဖို့ ငွေအလုံအလောက်ရသည့်အခါမှာတော့ သူမအလွန် ကျေနပ်မိသည်။ သူမမြေပိုင်ရှင်ဆီမှ မြေကိုတိုက်ရိုက်ဝယ်ယူခဲ့ပြီး သက်သေများ နှင့်တကွ အရောင်းအဝယ်စာချုပ်ပြုလုပ်ခဲ့သည်။ ပြီးနောက်မှာတော့ သူတို့ မိသားစုသည် ထိုမြေနေရာတွင် အိမ်ကို တဖြေးဖြေးချင်းဆောက်လုပ်ခဲ့ကြသည်။ သူတို့ထိုနေရာတွင် နေထိုင်နေသည်မှာ နှစ် ၂၀ ကျော်ပြီဖြစ်သည်။

▼ နာဂစ်လေပွေမုန်တိုင်းဖြစ်ပြီးနောက်ပိုင်းမှာတော့ မုန်တိုင်းသည် လူတွေရဲ့မြေ၊ နေအိမ်များ ဖျက်ဆီးယုံတင်မကဘဲ သူတို့ရဲ့စာရွတ်စာတမ်းတွေပါ မျောပါသွားသည်။ အဝယ်စာချုပ်လည်း ပျောက်သွားခဲ့သည်။ သူမမြေဝယ်ပြီး နှစ်အနည်းငယ်ကတည်းကပင် မြေရောင်းပေးသူက ဆုံးသွားခဲ့သည့်အတွက် မြေကွက်ပိုင်ရှင်အဖြစ်သက်သေပြဖို့က မဖြစ်နိုင်တော့သည့် အခြေအနေဖြစ်လာသည်။






▲ ၂၀၂၁၊ အောက်တိုဘာတွင် မြို့နယ်တွင်းမှ လူတိုင်းသည် အိမ်ခြေများစွာကို ဖယ်ရှားနှင်ထုတ်မည့် ကောလဟာလကို စတင်ကြားလာကြပြီး နောက်ပိုင်းမှာတော့ အတည်ဖြစ်လာခဲ့သည်။ ထိုသူများအတွက် ဒေါ်ဆွေဆွေစိတ်မကောင်းဖြစ်မိသော်လည်း သူမ ပါထိုကံကြမ္မာနှင့် ကြုံရလိမ့်မည်လို့ သူမ ဘယ်တော့မှ မတွေးမိခဲ့ပေ။ ဒါပေမယ့် ဒီဇင်ဘာနှောင်းပိုင်းတွင် သူမ၏သားမှ ဖုန်းဆက်လာသည်မှာ "အမေရေ သူတို့အိမ်ဖျက်ဖို့လာနေကြပြီ ဘက်ဟိုးပါသယ်လာကြတယ်" ဖြစ်သည်။

▼ စစ်သားတွေ ထိုနေရာသို့ရောက်လာချိန်မှာတော့ ဒေါ်ဆွေဆွေတစ်ယောက် ဆောက်တည်ရာမရငိုနေပြီး " ဒါငါ့အိမ် ဒါငါ့မြေ ငါ့ရဲ့ကိုယ်ပိုင်ချွေးနည်းစာနဲ့ဝယ်ခဲ့ရတာ" ပြောသော်လည်း စစ်သားများထဲမှ တစ်ယောက်က ခက်ထန်သောအကြည့်နှင့် သူမအား ပြန်ပြောသည်ကတော့ "ဒါငါ့ကိစ္စမဟုတ်ဘူး" ဖြစ်ပါသည်။







▲ ဒေါ်ဆွေဆွေစကားကြားဖို့ အပူတပြင်းဖြင့် ထိုစစ်သားကို သူမ၏သားနှင့် မောင်တွေလည်း စစ်တပ်ထဲဝင်ခဲ့ဖူးသည်ဟု အသိပေးသော်လည်း ထိုအကြောင်းသည် စစ်သားအား အထင်ကြီးမှုမဖြစ်စေပါ။ သူတို့မြေပြင်ပေါ်သို့ အားလုံးကို မဖြိုချခင် သူမက သူမ၏ အိမ်ကို စနစ်တကျနဲ့ ဖြိုပြီး ရနိုင်သမျှပစ္စည်းများကို ကောက်သိမ်းခဲ့သည်။

▼ သူမမြေးငယ်များ၏ ပညာရေးအတွက် ဒုက္ခခံပြီး စုဆောင်းထားသော ငွေများအားလုံးလည်း ရပ်ကွက်အနီးနားရှိသော အခန်းငှားရမ်းခအတွက်သာ ဖြစ်သွားခဲ့သည်။ သူမ၏မြေးများသည် ရပ်ကွက်အတွင်းရှိကျောင်းတွင် တက်နေဆဲဖြစ်သောကြောင့် သူမဝေးဝေးလံလံ ပြောင်းသွားလို့မရသေးပါ။







◀ ထို့နောက် လူတွေဖယ်ရှားထားသည့် မြေကွက်နေရာအားလုံးက ဘာတွေဖြစ်သွားမည်နည်း။ ကောလဟာလ ကြားနေရတာက တချို့ပုဂ္ဂိုလ်ရေး အဆက်အဆံကောင်းရှိတဲ့သူတွေက ထိုမြေတွေကို ပြန်လည်ရောင်းချခြင်းဖြင့် အမြတ်ထုတ်နေကြသည်။ ထိုအတောအတွင်းမှာတော့ ဒေါ်ဆွေဆွေကဲ့သို့သော နှင်ထုတ်ဖယ်ရှားခံရတဲ့ မိသားစုတွေမှာတော့ တစ်မြို့လုံးမှာ သူတို့အတွက် လုံခြုံတဲ့နေရာဆိုသည်မှာ ရှိမနေပါ။

# အခြေခံလူတန်းစားတို့ရဲ့ ခုခံမှု။

တော်လှန်ရေးသည် စစ်တပ်က အာဏာသိမ်းပြီးကတည်းပင် စတင်ပေါက်ဖွားလာပြီး အလွှာပေါင်းစုံမှ လူများလည်း နိုးကြွလာကြသည်။ ဆင်းရဲသားများနှင့် အလုပ်လုပ်နေရသည့် လူတန်းစားအလွှာများကလည်း လွတ်လပ်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍတွင်ပါဝင်ရုန်းကန်လှုပ်ရှားခဲ့သည်။ သူတို့မှာ သတင်းအချက်အလက်နှင့် အရင်းအမြစ်ရရှိခြင်းစသော ကန့်သတ်ချက်များစွာရှိသော်လည်း ရန်ကုန်၏ အပိုင်းအားလုံးမှ မြို့ပြဆင်းရဲသားများနှင့် ပျံကျနေထိုင်သူများသည် ဆန္ဒဖော်ထုတ်ရန်လမ်းများပေါ်ရောက်ရှိသည့်အထဲတွင် ဦးဆုံးပါဝင်ခဲ့သည်။ ပြီးနောက် သူတို့ကို စစ်တပ်က ရက်စက်ကြမ်းကြုတ်သည့် ဖြိုခွင်းမှုများရှိသော်လည်း သူတို့၏ စည်းလုံးညီညွတ်မှုနှင့် ထောက်ခံအားပေးမှုကို ပြသဖို့လည်း နည်းလမ်းရှာကြသေးသည်။ နောက်ပိုင်းတွင် အတင်းဖယ်ရှား နှင်ထုတ်မှုများရှိလာခဲ့သည်။ လက်ရှိရုန်းကန်နေရသည့် ရလဒ်မှာ မည်သို့ပင်ဖြစ်ပါစေ ဤတော်လှန်ရေးတွင် သူတို့၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရန်နှင့် မမေ့ရန်လိုအပ်ပါသည်။




▲ လှိုင်သာယာက ဆောက်လုပ်ရေးအလုပ်သမားတစ်ယောက်ဖြစ်တဲ့ ကိုသက်ဟာ ဖေဖော်ဝါရီလ ၁ ရက်နေ့မနက်စောစောအချိန်တွင် စစ်တပ်က အာဏာသိမ်းလိုက်ပြီဟု ကြားချိန်မှာတော့ သူသွေးဆူသွားခဲ့သည်။ ဒါဟာ အားလုံးအတွက် သတင်းဆိုးပါပဲ။ သူ့လို ဆင်းရဲသားပျံကျနေထိုင်သူအတွက်ကတော့ ပိုဆိုးပါသည်။




▼ ရက်အနည်းငယ်ကြာပြီးနောက် သူနှင့်သူ၏ရပ်ကွက်မှ ဒါဇင်လိုက်နှင့်ချီသောလူများသည် ဘတ်စ်ကားပေါ် အနောက်ပွင့်ကားပေါ် တိုးဝှေ့စီးကြပြီး လှည်းတန်းသို့ ဦးတည်သွားကြသည်။ ပြောကြတာကတော့ သူတို့အဲ့သည်မှာ ဆန္ဒသွားပြမည်။ အများနည်းတူ သူတို့လည်း သူတို့၏ အသံကို ဖော်ထုတ်ချင်ခဲ့သည်။




◄ ရက်သတ္တပတ်အတော်ကြာထိ သူတို့အဲ့သည်လို နေ့စဉ်ပါဝင်ခဲ့သည်။ မြို့ထဲလာပြီး ဆန္ဒပြတယ်။ တခါတရံ ကျစ်ကျစ်တောက်ပူနေတဲ့နေရောင်အောက်မှာ ဆူးလေဘုရားထိ လမ်းလျှောက်လှည့်ကြတယ်။ ပြီးနောက် ဆန္ဒဖော်ထုတ်ပွဲပြီးသွားသည့်အခါ သူတို့နေထိုင်တဲ့ နေရာပြန်ဖို့ ကားကြုံစီးဖို့ မျှော်ရပြန်တယ်။




◄ နေ့စဉ်ဆန္ဒမှုများမရှိကြသည့် အခါတောင်မှ ကိုသက်၏ တာဝန်အသစ်က နိုင်ငံနှင့် သူတို့၏ ဒေသတွေမှာ ဘာတွေဖြစ်နေပြီဆိုတာကို သူ့ရပ်ကွက်ကို အသိပေးရခြင်းဖြစ်သည်။ မိသားစုပေါင်း ၂၀၀ ကျော်နေထိုင်နေသည့် အိမ်ခြေစုတွင် တယ်လီဖုန်းကိုင်နိုင်သည့် လူအနည်းငယ်တွင် ကိုသက်လည်းအပါအဝင်ဖြစ်သည်။ ထိုကောလဟာလ အလျှင်အမြန် ပြန့်သွားသည့်အတွက် လူတိုင်းက သူ့ဆီပြေးလာကာ ဘယ်သတင်းကအမှန် ဘယ်သတင်းက အမှား လာရောက်ပြီးအတည်ပြုကြသည်။





► လာမည့်ဖယ်ရှားမည့် ကောလဟာလ စတင်ပြန့်သည့်အချိန်တွင်လည်း အားလုံးက မည်သည့်သတင်းကို ယုံကြည်ရမှန်းမသိဖြစ်နေခဲ့သည်။ လူအများက ဒီကိစ္စဖြစ်ရသည့်အကြောင်းရင်းက ဤပုံကျရပ်ကွက်သည် သိုသိုသိပ်သိပ် နေနိုင်ခြင်းနှင့် အုပ်ချုပ်ရေးမှူးများထိန်းချုပ်မှုအားနည်းသည့် အခြေအနေကြောင့် ဆန္ဒပြသူများစွာအတွက် လုံခြုံမှုပေးနိုင်သောကြောင့်ဖြစ်သည်ဟု ယူဆခဲ့ကြသည်။




◄ သူ၏ရပ်ကွက်သားတစ်ချို့နှင့်အတူ ကိုသက်သည် မည်သို့ဖယ်ရှားနှင်ထုတ်သည့်ကိစ္စမှ လွတ်နိုင်မည်ကို ရပ်ကွက်လူကြီးများနှင့် ညှိနှိုင်းဆွေးနွေးဖို့ ကြိုးစားခဲ့သေးသည်။ သူတို့၏ နေထိုင်သည့် ရပ်ကွက်တွင် ကလေးများစွာ၊ ကိုယ်ဝန်ဆောင်သည်များစွာ၊ နေမကောင်းသည့်လူများစွာရှိသည်။ ထိုလူများ အတွက်မည်သို့ဖြစ်သွားမည်နည်း။ သူတို့၏ ပန်ကြားချက်များကိုလည်း မည်သူမှ ဂရုမစိုက်ခဲ့ပါ။




▲ ရဲများနှင့် အရပ်ဝတ်လက်နက်ကိုင်များ သူတို့ ရပ်ကွက်သို့လာပြီး ဖယ်ရှားမည့် သတိပေးစာလာရောက်ပေးကမ်းသည့်နေ့ကို သူ့အနေဖြင့်ဘယ်တော့မှ မေ့နိုင်လိမ့်မည် မဟုတ်ပါ။ သူတို့ထိုနေရာမှ ထွက်သွားဖို့ အချိန် ၂ ပတ်ရသည်။ အကယ်၍ သူတို့မလိုက်နာလျှင် သူတို့၏ အိမ်များ မြေပေါ်သို့ အပုံလိုက်ဖြိုချခံရမည်ဖြစ်သည်။ ဤအမိန့်အတွက် မည်သည့် အကြောင်းပြချက်မှ မပေးခဲ့ပါ။




▲ “ကျနော်တို့တစ်ခုခုလုပ်ရမယ်။ အသံထွက်ဖို့လိုတယ်။ ဖယ်ခံရတာကို ရှောင်လို့မရဘူးဆိုရင် အနည်းဆုံးတော့ သိအောင်ပြောရမယ်။ တခြားသူတွေကို သတိပေးရမယ်၊ ကျနော်တို့လူတွေအတွက် အကူအညီတွေစီစဉ်ရမယ်” လို့ ပြောပါသည်။ အန္တရာယ်ကြားကနေ ကိုသက်က သူ့ဖုန်းနဲ့ တခြားသူတွေ၊ လူထုစည်းရုံးသူတွေ၊ သတင်းထောက်တွေကို ဆက်သွယ်ခဲ့သည်။ ဒါပြီးလျှင် သူပုန်းနေရပြီး မိသားစုနဲ့ခွဲရမည်ကိုသိနေပါသည်။




◄ ထောင်ချီတဲ့ မိသားစုတွေကို အိမ်မဲ့ဖြစ်စေတဲ့ စစ်တပ်ရဲ့ ရက်စက်တဲ့ လုပ်ရက်အတွက် ရှင်းပြချက်များ ရှိမလား။ ကိုသက်က သူ၏အမြင်ကို “သူတို့က ကျနော်တို့လို လူတွေကို အပြစ်ပေးဖို့လုပ်နေတာ။ သူတို့က ဆင်းရဲသားတွေကို လူလို့မမြင်ဘူးလေ။ ကျနော်တို့ ခုခံကာကွယ်တာ၊ ဆန္ဒဖော်ထုတ်တာ ပြီးတော့ ကျနော်တို့ သူတို့ရဲ့အမိန့်ကို မနာခံတာကိုလည်းလုံးဝ မကြိုက်ဘူး” လို့ပြောခဲ့သည်။

ရန်ကုန်ဇာတ်လမ်းများ
YANGON STORIES